ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်၊ တနင်္လာနေ့ (5-3-2012) (၇၀၅၅)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ

မဟာဗုဒ္ဓဝင်လေးတော်တင်ခန်းဇာတ်တော်ကြီးနှင့် ပဒေသာယိမ်းအကများ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေး

ရန်ကုန် မတ် ၄

မြန်မာ့ယဉ်ကျေးမှု အနုသုခုမများ ဖော်ထုတ်ပြသရန်နှင့် မြန်မာ့သဘင်လောကတွင် နေတစ်ဆူ၊ လတစ်ဆူပမာ ထင်ရှားခဲ့ကြသော ပညာရှင်ကြီးများအား ပြန်လည်အမှတ်ရ ဂုဏ်ပြုရန်အတွက် အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်၏ "မဟာဗုဒ္ဓဝင်လေးတော်တင်ခန်း" ကို ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ရွှေတံဆိပ်ဆုများရှင် မင်းသား ဉာဏ်ဝင်း၊ မင်းသား သန်းစိုး၊ မင်းသမီး မြင့်မြင့်ကြည်တို့က "ဇာတ်စာ၊ ဇာတ်စကား၊ ဇာတ်ချင်း"များဖြင့် လည်းကောင်း၊ အက၊ အလှ၊ ပဒေသာ ယိမ်းများဖြင့် လည်းကောင်း၊ အကယ်ဒမီ ခီရာမိုရ်၊ စိုးစန္ဒာထွန်း၊ ဖိုးသောကြာတို့၏ မြန်မာသံတေးသီချင်းများဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်မှုကို ယမန်နေ့ည ၇ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပွဲကြည့်ပရိသတ်များ တက်ရောက်၍ ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ "မဟာဗုဒ္ဓဝင်လေးတော်တင်ခန်း" ဇာတ်တော်ကြီးနှင့် ပဒေသာယိမ်းအကများ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

ယနေ့ သတင်း အညွှန်း



အမေရိကန်၌ နိုင်ငံတကာ မှောင်ခိုအဖွဲ့များကို ချေမှုန်း
နိုင်ငံတကာသတင်း စာမျက်နှာ ၄

အင်းလေးကန်သာယာလှပရေး တူးဖော်ပြုပြင်ပေး
ပြည်တွင်းသတင်း စာမျက်နှာ ၅

အစာလည်းဆေး ဆေးလည်းအစာ
ဖတ်စရာ မှတ်စရာ စာမျက်နှာ ၈

အကျိုးရှိစွာ ကုန်လွန်ကြ နွေရာသီကျောင်းပိတ်ရက်ကာလ
ပြည်တွင်းသတင်း စာမျက်နှာ ၈

2012 Hassanal Bolkiah Trophy ပြိုင်ပွဲ မြန်မာယူ-၂၁ အသင်း ဆီမီးဖိုင်နယ်တက်
အားကစားသတင်း စာမျက်နှာ ၉

အများနှင့်သက်ဆိုင်သော ကုမ္ပဏီ (Public Company) များ ဖွဲ့စည်းမှတ်ပုံတင်ခွင့်ပြုလျက်ရှိ

နေပြည်တော် မတ် ၄

နိုင်ငံတော်၏ ပြောင်းလဲဖြစ်ပေါ်တိုးတက်လာသည့် ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေရှိစေရန်၊ စီးပွားရေးကဏ္ဍအသီးသီးတွင် အများပြည်သူတို့၏ စုဆောင်းငွေများနှင့် ငွေကြေးအရင်းအနှီးများ ထည့်ဝင်ဆောင်ရွက်နိုင်မည့် အရင်းအနှီးဈေးကွက် ပေါ်ထွန်းလာစေရန်နှင့် နိုင်ငံတော်၏ စီးပွားရေးဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင် ဆောင်ရွက်နိုင်ရန်အလို့ငှာ အများနှင့် သက်ဆိုင်သော ကုမ္ပဏီ (Public Company) များအား ဖွဲ့စည်းမှတ်ပုံတင်ခွင့်ပြုလျက်ရှိကြောင်း သိရသည်။

ကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင်ခြင်းကို နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရုံးအမှတ်(၃၂)တွင် လျှောက်ထားနိုင်ပြီး ကနဦး ကုမ္ပဏီစတင်ဖွဲ့စည်းထူထောင်သည့် အစုရှင်ဦးရေ အနည်းဆုံး ခုနစ်ဦးရှိရန်နှင့်

စာမျက်နှာ ၃ ကော်လံ ၄ သို့ ❐

ဗီတာမင်အေမှီဝဲခြင်းက အရေပြားကင်ဆာဖြစ်ပွားမှု လျော့နည်းစေနိုင်သည်ဟုဆို

အင်တာနက် ကျန်းမာရေးသတင်း
ဘာသာပြန် - ထန်ဆွင်း

ဗီတာမင်အေ ဖြည့်စွက်အစားအစာများသည် အရေပြားကင်ဆာရောဂါဖြစ်ပွားမှုအန္တရာယ်ကို လျော့နည်းစေနိုင်သည်ဟု လေ့လာချက်အသစ်တစ်ခုအရ သိရှိရသည်။

ခြောက်နှစ်ကျော်ကြာ လေ့လာချက်တစ်ခုအရ ဗီတာမင်အေ မှီဝဲစားသုံးသူများတွင် အရေပြားကင်ဆာရောဂါဖြစ်ပွားမှုအန္တရာယ် ၆၀ ရာခိုင်နှုန်းလျော့နည်းကြောင်း တွေ့ရှိရသည်။ သို့သော် ယခင်က ဗီတာမင်အေ မှီဝဲစားသုံးသော်လည်း လက်ရှိတွင်သောက်သုံးခြင်း မပြုတော့သည့်လူများ အနေဖြင့် မည်သည့်အကာအကွယ်တစ်ခုမျှ မရရှိဟု ဆိုသည်။

ဗီတာမင်အေကို ကန်စွန်းဥ၊ မုန်လာဥဝါ၊ နို့၊ ကြက်ဥ၊ ဘဲဥနှင့် အသည်းစသော အစားအစာများတွင် တွေ့ရှိရသည်။ ဗီတာမင်အေသည် မှတ်ဉာဏ်ထက်မြက်မှု၊ အရိုးသန်မာမှု၊ ခုခံအားစနစ် အောင်မြင်မှု စသည်တို့အတွက် ကောင်းမွန်မှုနှင့် မျိုးပွားမှုဖြစ်စဉ် အဓိကအခန်းကဏ္ဍမှ ပါဝင်သော်လည်း အတိုင်းအဆများပါက အဆိပ်သင့်နိုင်သည်ဟု ဆိုသည်။

သုတေသီများသည် အမျိုးသား၊ အမျိုးသမီး ၆၉၀၀၀ အား ခြောက်နှစ်ကျော်လေ့လာရာတွင် ၅၅၆ ဦး၌ အရေပြားကင်ဆာရောဂါဖြစ်ပွားနေသည်ကို တွေ့ရှိသည်။ လေ့လာချက်တွင် ပါဝင်သည့် လူ ၅၉၀၀၀ အနက် ဗီတာမင်အေ ဖြည့်စွက်အစားအစာ မမှီဝဲဖူးသည့်လူများတွင် အရေပြားကင်ဆာရရှိသူ ၅၀၆ ဦးရှိပြီး လွန်ခဲ့သည့် ၁၀ နှစ်ကျော်မှစ၍ ယခုအထိ နေ့စဉ် ဗီတာမင်အေစားသုံးသူ တခြားလူ ၅၈၀၀

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

ကြေးမုံစာတည်းရှုထောင့်

၅-၃-၂၀၁၂[တနင်္လာနေ့]။

အဖိုးတန် လူသား

ကျွန်ုပ်တို့နေ့စဉ် သွားလာ၊ နေထိုင်၊ စားသောက်၊ လုပ်ကိုင်လျက်ရှိကြသည်။ မည်သို့သွားလာရမည်၊ နေထိုင်ရမည်၊ စားသောက်ရမည်၊ လုပ်ကိုင်ရမည်ဆိုသည်ကို အသိတရားဖြင့် ဆင်ခြင်၊ ထိန်းသိမ်းစောင့်စည်းကြရသည်။ ယင်းကဲ့သို့ ပြုမူဆောင်ရွက်ခြင်းများကို အထိန်းအကွပ်ဖြင့် သတ်မှတ်ချက်များလည်း ရှိကြသည်။ ဤအရာကို စည်းကမ်းဟု ဆိုသည်။

ကျောင်းတွင် ကျောင်းနှင့်ဆိုင်ရာစည်းကမ်း၊ အိမ်တွင် အိမ်နှင့်ဆိုင်ရာစည်းကမ်း၊ အလုပ်ခွင်တွင် အလုပ်ခွင်နှင့်ဆိုင်ရာစည်းကမ်းစသည့် လူ့လောကတစ်ခုလုံး သူ့နေရာနှင့်သူ စည်းကမ်းတွေနှင့်သာ ရှိနေပေသည်။ လူ့လောကတစ်ခုလုံး စည်းကမ်းတွေရှိနေခြင်းသည် လူ့လောကနှင့် တိရစ္ဆာန်လောကတို့၏ ခြားနားချက်ပင်ဖြစ်သည်။ လူသားတိုင်း လူ့စည်းကမ်းလိုက်နာရမည်။ လူ့စည်းကမ်းကို မလိုက်နာသောသူသည် လူသားမမည်ချေ။ လူ့စည်းကမ်းသည် များပြားကျယ်ဝန်းလှပေသည်။ သို့သော်လည်း မလိုက်နာဘဲ နေလို့မရပေ။

မည်သည့်အရာအား လိုချင်၍ မည်သည့်အရာအား မလိုချင်သည်ကိုလည်းကောင်း၊ မည်သည့်အရာအားချစ်၍ မည်သည့်အရာအား မုန်းသည်ကိုလည်းကောင်း၊ မည်သည့်အရာအား ရှိသေသည်ကိုလည်းကောင်း၊ မည်သည့်အရာအား ကြောက်သည်ကိုလည်းကောင်း စသည့်အကြောင်းရင်းများကို စဉ်းစားသုံးသပ်ကြရပေမည်။

မသိသောအခါ ပြောပြပေးမည့်သူ လိုသည်။ ထိုနည်းတူ မသိသည့်အတွက် သိအောင်ပြောပြပေးမည့်သူကို အလိုရှိလိမ့်မည်။ သို့ဖြစ်လျှင် မသိသူအား ပြောပြပေးခြင်းသည် အသိတရားဖြင့် လမ်းညွှန်ပေးသော လူ့စည်းကမ်းပင်ဖြစ်သည်။

မတတ်သောအခါ သင်ကြားပေးမည့်သူ လိုသည်။ ထိုနည်းတူ မတတ်သည့်အတွက် တတ်အောင်သင်ကြားပေးမည့်သူကို အလိုရှိလိမ့်မည်။ သို့ဖြစ်လျှင် မတတ်သူအား သင်ကြားပေးခြင်းသည်လည်း လူ့စည်းကမ်းပင်ဖြစ်သည်။

လူတိုင်းသည် မိမိဆန္ဒနှင့်ဆန့်ကျင်ဘက် ပြောဆိုလုပ်ကိုင်ခြင်းကို အလိုမရှိကြချေ။ ထိုနည်းတူ လူတိုင်းကလည်း မိမိနှင့် ဆန့်ကျင်ဘက်ပြောဆိုလုပ်ကိုင်ခြင်းကို အလိုရှိကြမည်မဟုတ်။ သို့ဖြစ်လျှင် တစ်ဖက်သားမလိုလားသော ပြောဆိုလုပ်ကိုင်မှုများကို ရှောင်ကြဉ်ခြင်းသည်လည်း လူ့စည်းကမ်းပင်ဖြစ်သည်။

မိမိနှင့်အလိုတူသူကို ချစ်၍ အလိုမတူသူကို မုန်းသည်။ ထိုနည်းတူ လူတိုင်းကလည်း အလိုတူသူကို ချစ်၍ အလိုမတူသူကို မုန်းကြပေလိမ့်မည်။ သို့ဖြစ်လျှင် တစ်ဖက်သားအား အလိုတူသူကို မုန်းရန်၊ အလိုမတူသူကိုချစ်ရန် မကြိုးစားခြင်းသည်လည်း လူ့စည်းကမ်းပင်ဖြစ်သည်။

မိမိအား သူတစ်ပါးတို့က ဆောင်ရွက်ပေးစေလိုသောအရာတိုင်း သူတစ်ပါးတို့ကလည်း မိမိအား အလိုရှိကြပေလိမ့်မည်ဖြစ်သည်။ စည်းကမ်းရှိမှ တန်ဖိုးရှိမည်။ စည်းကမ်းကြီးလေ တန်ဖိုးကြီးလေ။ စည်းကမ်းမရှိ၊ တန်ဖိုးမရှိဆိုသည့်အတိုင်း အစစအရာရာ စည်းကမ်းရှိကြရမည်သာဖြစ်သည်။ ကျွန်ုပ်တို့ ပြုမူလုပ်ဆောင်နေကြသည့်အရာအားလုံးကို ကျင့်ဝတ်၊ စည်းကမ်း၊ အသိတရားဖြင့် မည်သူမပြုမိမိမှုဆိုစကားအတိုင်း သူတစ်ပါးလုပ်ဆောင်သည်ဖြစ်စေ၊ မလုပ်ဆောင်သည်ဖြစ်စေ မိမိကိုယ်တိုင် လုပ်ဆောင်ရပေမည်။

ဤသို့ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံးဖြင့် စည်းစနစ်ကျနစွာ ဆင်ခြင်ပြုမူနေထိုင်မှသာလျှင် အဖိုးတန်သောသူ သို့မဟုတ် မင်္ဂလာရှိသောလူသားဖြစ်ပေမည်။ ဝိနယ သုသိက္ခိတမင်္ဂလာ ကောင်းစွာလေ့ကျင့်အပ်ပြီးသော စည်းကမ်းရှိခြင်းသည် မင်္ဂလာမည်၏ဟု မင်္ဂလာတရားတော်နှင့်အညီ ပြုမူဆောင်ရွက်ကျင့်ကြံနေထိုင်မှသာလျှင် မင်္ဂလာလူသားများဖြစ်ကြမည်ဖြစ်သည်။ ။

ရွှေဘုန်းပွင့်စေတီတော် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး အလှူငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် မတ် ၄

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော် ဆဋ္ဌမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ပထမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါစေတီတော် ဓမ္မာရုံသစ်ကြီး၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးစိုးဝင်းက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးစိုးဝင်း ရွှေဘုန်းပွင့်စေတီတော် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်နေမှုများကို ကြည့်ရှုစဉ်။
(သတင်းစဉ်)

ထို့နောက် ရွှေဘုန်းပွင့်စေတီတော် ဆဋ္ဌမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးဦးစီးကော်မတီဥက္ကဋ္ဌ မြန်မာ့ရုပ်ရှင်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က ဘဏ္ဍာရေးအခြေအနေများကို ရှင်းလင်းတင်ပြပြီး ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခ/ဌာနမှူး ဒေါက်တာဉာဏ်မြင့်ကျော်က စေတီတော်ကြံ့ခိုင်ထိန်းသိမ်းတည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ဦးသန်းရွှေ- ဒေါ်ကျင်ထွေး မိသားစုက ငွေကျပ် ၂၀၁၆၀၀၀၊ ဦးသူတော်-ဒေါ်လှလှသိန်း (ရွှေစင်အကယ်ဒမီ၊ ရွှေသန့်လုပ်ငန်း)နှင့် ဦးဝင်းကို-ဒေါ်စန်းစန်းဝင်း (မာန်ထက်ချီ ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေး) တို့က ငွေကျပ် ၁၀ သိန်းစီ၊ ဖခင် ဦးကိုကို-မိခင် ဒေါ်အမာ၊ မောင်ကိုစောလွင်တို့အား ရည်စူး၍ ဒေါ်နုနုအေး၊ ဒေါ်ဆွေဆွေမာ မိသားစုက ငွေကျပ် ခြောက်သိန်း၊ မင်းဘူးမြို့ ကွယ်လွန်သူ ဦးဦးခိုင်-ဒေါ်ကြည်တို့အား ရည်စူး၍ ဒေါက်တာဦးခင်ဇော်-ဒေါ်ဝင်းဝင်းခိုင် မိသားစုနှင့် ဦးဝင်းအောင်- ဒေါ်တင်တင်အိ၊ သမီး မသင်းသင်းလှိုင် မိသားစုတို့က ငွေကျပ် ငါးသိန်းစီ၊ ဦးသောင်းတင်- ဒေါ်ခင်ရီ မိသားစုနှင့် ပါဝါကင်းရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးတို့က ငွေကျပ်သုံးသိန်းစီ အပါအဝင် အလှူရှင် ၆၈ ဦးက စုစုပေါင်းငွေကျပ် ၁၃၆၃၁၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ရွှေဘုန်းပွင့်စေတီတော် ဘက်စုံပြုပြင်မွမ်းမံ ပြင်ဆင်နေမှုများကို လှည့်လည်ကြည့်ရှုကြသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၅-၃-၂၀၁၂ (တနင်္လာနေ့)

၇း၀၅	တရားတော်	၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ကွန်ဖူးဘုရင်ဘရုစ်လီ” (အပိုင်း-၁၁)**
၇း၃၀	မြန်မာ့ရှုခင်း		
၄း၁၅	မှတ်တမ်း		
၄း၂၅	ရင်မှာစွဲလမ်းတော်ဝင်ပန်း	၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၄း၃၅	လျှပ်တစ်ပြက်		-Talk of The Town
၅း၀၀	အမျိုးသားရေးတေးကဗျာ		-မေးမြန်းစူးစမ်း
၅း၁၀	ဗွီစီဒီကျော်ကြားတေး		-ယနေ့ညအတွက် မြဝတီ၏
၅း၂၀	သာယာသီကြွေး ခေတ်ဆန်းတေး		တေးလက်ဆောင်
၅း၃၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ဟာသလွင်ပြင်” (အပိုင်း-၈၅)**		**-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “တမလွန်မှပြောသောစကား” (အပိုင်း-၁)**
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း		-Mini Series

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၄ - ၃ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၅၆၀၀	၀. ၀၃၂၇၂
တရုတ် (ယွမ်)	၆. ၂၉၉၀၀	၀. ၁၅၈၇၆
အိန္ဒိယ (ရူပီး)	၄၉. ၄၉၅၀	၀. ၀၂၀၂၀
မလေးရှား (ရင်းဂစ်)	၃. ၀၀၂၀၀	၀. ၃၃၃၁၁
စင်ကာပူ (ဒေါ်လာ)	၁. ၂၅၂၁၀	၀. ၇၉၈၆၆
ဂျပန် (ယန်း)	၈၁. ၈၁၀၀	၀. ၀၁၂၂၂
တောင်ကိုရီးယား(ဝမ်)	၁၁၁၅. ၁၅	၀. ၀၀၀၉၀
ယူရို	၀. ၇၅၇၄၅	၁. ၃၂၀၂၂
ဗြိတိသျှ (ပေါင်)	၀. ၆၃၁၅၇	၁. ၅၈၃၃၅

အင်တာနက်။

ဆရာဝန်အသင်း သင်တန်းပို့ချမည်

ရန်ကုန် မတ် ၄

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ် (CME) မှ အထွေထွေရောဂါကုဆရာဝန်များအတွက် Public Health, Family Medicine and Research(2012) သင်တန်းကို မတ် ၂၅ ရက်မှ ဇွန် ၂၄ ရက်အထိ (စနေ၊ တနင်္ဂနွေနေ့) များတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ သင်တန်းပို့ချမည်ဖြစ်သည်။

သင်တန်းတွင် ပါဝင်ကူညီမည့် ဆေးကုမ္ပဏီများ တွေ့ဆုံဆွေးနွေးနိုင်ရန် မတ် ၆ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်(ဘီ)သို့ ကြွရောက်ကြပါရန်နှင့် သင်တန်းတက်ရောက်လိုသော အသင်းဝင်ဆရာဝန်များသည် မတ် ၁၄နှင့် ၁၅ ရက်တို့တွင် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီထိ တက်ရောက်မည့်သူကိုယ်တိုင် လိုင်စင်ဓာတ်ပုံ သုံးပုံဖြင့် စာရင်းသွင်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

ဘာသာစကားကျွမ်းကျင်မှုသင်တန်း ဖွင့်မည်

ရန်ကုန် မတ် ၄

တိုးတက်ပြောင်းလဲလာသော မြန်မာနိုင်ငံအပေါ် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ စတင်ဝင်ရောက်လာချိန်တွင် မြန်မာနိုင်ငံသူ နိုင်ငံသားများ အလုပ်လုပ်ရာတွင် ဘာသာစကားအခက်အခဲများမှ ကျော်လွှားနိုင်ရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံမှ ကျောင်းသူ၊ ကျောင်းသားများ နိုင်ငံတကာမှ တက္ကသိုလ်၊ ကောလိပ်များတွင် တက်ရောက်နိုင်ရန် အင်္ဂလိပ်စာကျွမ်းကျင်မှုအဆင့် (IELTS Score) အမှတ်များစေရန် ထိရောက်သေချာသောနည်းများဖြင့် သင်ကြားပေးရန်ရည်ရွယ်၍ EduLink Australia English Language Training Centre ကို မတ် ၁၇ ရက်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ Junction Square ၌ စတင်ဖွင့်လှစ်မည်ဖြစ်ရာ ဖုန်း-၅၀၀၄၆၄သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဖေဖော်ဝါရီ ၁၂ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမက(၂၃)၏ ၂၀၁၀မှ ၂၀၁၂ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲတွင် ငါးနှစ်ဆက်တိုက်ဆုရရှိသော မသံစဉ်မိုးသိမ့်အား ဆရာကြီးဦးမြတ်ကို ဆုချီးမြှင့်စဉ်။
(ပညာရေး)

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး အမှတ်(၃)ယာဉ်ထိန်းနယ်မြေမှ ဒုတိယရဲမှူး မြင့်အောင်နှင့်အဖွဲ့ ဖေဖော်ဝါရီ ၁၃ ရက်က ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပို့ချစဉ်။
(ကြေးမုံ)

ငါးသိုင်းချောင်းအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေး

ရန်ကုန် မတ် ၄

ငါးသိုင်းချောင်းမြို့နယ်အသင်း(ရန်ကုန်)၏ ပဉ္စမအကြိမ် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဧရာဝတီတိုင်းဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ဂုဏ်ပြုဆုငွေများချီးမြှင့်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း "အာဒမ်ရယ် ဧဝရယ် ဒသရယ်" ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုရရှိသည့် ပြေတီဦးအား ဂုဏ်ပြုဆုငွေ ချီးမြှင့်စဉ်။

(သတင်းစဉ်)

ရန်ကုန် မတ် ၄

၂၀၁၀ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ တက်ရောက်၍ ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးနှင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးတို့မှ နာယကများ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ၊ ၂၀၁၀ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက "အာဒမ်ရယ် ဧဝရယ် ဒသရယ်" ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုရရှိသည့် ပြေတီဦးနှင့် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုရရှိသည့် သက်မွန်မြင့်တို့အား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက "ပင်လယ်ထက်က နေဝန်းနီ" ဇာတ်ကားဖြင့် အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုနှင့် အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆုရရှိကြသည့် ခင်မောင်ဦးနှင့် စိုးသိမ်းထွဋ်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက "ပင်လယ်ထက်က နေဝန်းနီ" ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုရရှိသည့် ဝေဠုကျော်၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်က "အမေ့ကျေးဇူး ဆပ်ဖူးချင်တယ်" ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုရရှိသည့် ဝါဝါအောင်၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်ဝင်းက "အငိုမျက်လုံး အပြုံးမျက်နှာ" ဇာတ်ကားဖြင့် အကောင်းဆုံး ရုပ်ရှင်တေးဂီတဆုရရှိသည့် မြန်မာပြည်ကျော့က်စိမ်းနှင့် "ပင်လယ်ထက်က နေဝန်းနီ" ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆု ရရှိသည့် ဦးမြင့်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦးက "အာဒမ်ရယ် ဧဝရယ် ဒသရယ်" အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုရရှိသည့် Heart N Soul ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒေါ်ခင်စန္ဒာမြင့်နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက "ပင်လယ်ထက်က နေဝန်းနီ" ဇာတ်ကားဖြင့် အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆု ရရှိသည့် ပန်းချီစိုးမိုးတို့အား ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက အခမ်းအနားဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးသည့် SKY NET နှင့် ရွှေ FM ကိုယ်စား ရွှေသံလွင်ကုမ္ပဏီလီမိတက် နာယက ဒေါ်နီနီအား ဂုဏ်ပြုလက်မှတ်ပေးအပ်သည်။

ထို့နောက် ရုပ်ရှင်ထူးချွန်ဆုရရှိကြသူများကိုယ်စား အကယ်ဒမီ ပြေတီဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က အခမ်းအနားသို့ တက်ရောက်လာကြသော ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယနေ့ အခမ်းအနားတွင် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိကြသူများအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ငွေကျပ်သုံးသိန်း၊ SKY NET နှင့် ရွှေ FM က ငွေကျပ်သုံးသိန်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းက ငွေကျပ်နှစ်သိန်းနှင့် မင်္ဂလာရုပ်ရှင်ကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်မင်းက ငွေကျပ်နှစ်သိန်း တစ်ဦးလျှင် စုစုပေါင်း ငွေကျပ် ၁၀ သိန်းစီကို ချီးမြှင့်ကြသည်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် နည်းပညာပြပွဲ တက်ရောက်အားပေး

နေပြည်တော် မတ် ၄

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် မတ် ၂ ရက် နံနက် ၈ နာရီခွဲတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီး သတင်းအချက်အလက် နည်းပညာနှင့် မိုဘိုင်းနည်းပညာပြပွဲ (Ayeyarwady ICT & Mobile Exhibition 2012) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

နည်းပညာပြပွဲကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဦးစန်းမောင်၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း (ဧရာဝတီတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဦးမောင်မောင်ဦးနှင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (ဧရာဝတီတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ပြပွဲကို မတ် ၄ ရက်အထိ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် ဧရာဝတီတိုင်းဒေသကြီး သတင်းအချက်အလက် နည်းပညာနှင့် မိုဘိုင်းနည်းပညာပြပွဲ ပြခန်းများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၅-၃-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ပရိတ်တရားတော်
၈:၀၀	၂။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၁၅	၃။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၅	၄။	အတီးပြိုင်ပွဲ
၈:၃၀	၅။	(၆၇)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်

ညပိုင်း

၄:၃၀	၁။	မြန်မာစာ၊ မြန်မာစကား
၄:၄၅	၂။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅:၁၀	၃။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၅:၂၀	၄။	"ဖူးမြော်ဖို့ရည် ရွှေဘုံသာမုနိစေတီ"
၅:၃၀	၅။	(၆၇)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
၅:၃၅	၆။	အစုလိုက်ဝက်သက်ရောဂါကာကွယ်ရေးလုပ်ငန်း
၆:၂၀	၇။	ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀	၈။	နိုင်ငံခြားဇာတ်လမ်းတွဲ "ချမ်းမြေ့ပျော်ရွှင်" (အပိုင်း-၉)
၇:၄၅	၉။	"ဘယ်လိုမဲပေးကြမှာလဲ" (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ)
၈:၀၀	၁၀။	ပြည်တွင်းသတင်း
	၁၁။	ကမ္ဘာကျော်သရုပ်ဆောင်များ
	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ "မွေးစားသား" (အပိုင်း-၃၀)(ဇာတ်သိမ်း)
	၁၃။	အိန္ဒိယရုပ်ရှင် "ဆွေမျိုးတော်ရင် ဘယ်လိုခေါ်လဲ"(ဇာတ်သိမ်း)

ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

ရန်ကုန် မတ် ၄

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ပျော်ဘွယ်လေးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းဝင်းနှင့် အလှူရှင်(ဒူးရင်းသီး) ဦးစိုးမြင့်၏ဇနီး ဒေါ်ခင်မာရီတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းရေရှည်တည်တံ့ခိုင်မြဲ၍ မျိုးဆက်သစ်နိုင်ငံ့သားကောင်းများ မွေးထုတ်နိုင်ရေးအတွက် ဒေသခံပြည်သူများ၊ ဆရာ ဆရာမများက ဝိုင်းဝန်းကြိုးပမ်းကြရန် မှာကြားသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျားပေ ၁၄၀ နှင့် အနံပေ ၃၀ ရှိ အာစီတစ်ထပ်ဖြစ်ပြီး ပရိဘောဂများ အပါအဝင် ငွေကျပ် ၆၉၇ ဒသမ ၈၅ သိန်း အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ အဆိုပါ အခမ်းအနားတွင် အလှူရှင် (ဒူးရင်းသီး) ဦးစိုးမြင့်မိသားစုက ပျော်ဘွယ်လေးကျေးရွာ ဓမ္မာရုံအတွက် ငွေကျပ် ခုနစ်သိန်းကိုလည်း လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ်ရှိ ခပေါင်းခန်းမ၌ ဖေဖော်ဝါရီ ၂၀ ရက်က လူကုန်ကူးမှုပပျောက်စေရန်နှင့် ပြည်သူလူထုအတွင်း အသိပညာများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေနိုင်ရေးအတွက် လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲကိုကျင်းပရာ ခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းစိန် ဟောပြောစဉ်။ (၅၇၈)

စီးလုံးငှား(တက္ကစီ)ယာဉ်များ လိုက်နာရန်

(၁) လုပ်ငန်းလိုင်စင်ရယူခြင်းမရှိဘဲ ခရီးသည်တင်ဆောင် မောင်းနှင်ခြင်း မပြုရ။
(၂) ခရီးသည်တစ်ဦးတစ်ယောက်က ငှားရမ်းလျှင် လုံလောက်သော အကြောင်းတစ်စုံတစ်ရာမရှိဘဲ အငှားလိုက်ရန် ငြင်းဆန်ခြင်း မပြုရ။
(၃) ခရီးသည်သွားလိုသည့်နေရာသို့ အနီးဆုံးလမ်းခရီးဖြင့် ပို့ဆောင်ပေးရမည်။ ခရီးသည်က လမ်းခရီးကို ညွှန်ကြားလာလျှင် ညွှန်ကြားသည့်အတိုင်း ပို့ဆောင်ပေးရမည်။
(၄) ခရီးသည် မေ့ကျန်ခဲ့သောပစ္စည်းကို ပိုင်ရှင်ထံ အမြန်ဆုံးပို့ပေးရမည်။
(၅) ပြည်သူတို့နှင့် ဆက်ဆံရာတွင် ပြေပြစ်ရမည်။
(၆) သတ်မှတ်ထားသည့်အမြန်နှုန်းအတွင်းသာ မောင်းနှင်ရမည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

❒အများနှင့်သက်ဆိုင်သောမှ

ပြည်သူလူထုအစုရှယ်ယာများကို အကန့်အသတ်မရှိ ကြေညာခေါ်ယူရန်၊ ရေရှည်အကျိုးအမြတ်ဖြစ်ထွန်းမည့် လုပ်ငန်းမျိုးဖြစ်ရန်၊ ကျွမ်းကျင်သူများခန့်ထားဆောင်ရွက်ရန်နှင့် အမည်စာရင်းကို သက်ဆိုင်ရာသို့တင်ပြဆောင်ရွက်ရန် လိုအပ်ကြောင်း။

ထည့်ဝင်မည့် ရင်းနှီးမတည်ငွေ၊ ဦးစားပေးလုပ်ငန်းများ၊ အစုရှယ်ယာထည့်ဝင်နိုင်မှု၊ ပထမ ဒါရိုက်တာအဖွဲ့ဝင်များအဖြစ် ပါဝင်နိုင်မှုနှင့် အရည်အချင်းများ၊ အစုရှယ်ယာပိုင်ဆိုင်မှု အပြောင်းအလဲများနှင့် အစုရှယ်ယာထည့်ဝင်မှုကိစ္စရပ်များ၊ အကျိုးအမြတ်အချိုးကျခွဲဝေမှု၊ စာရင်းစစ်ဆေးမှု၊ ဒါရိုက်တာအဖွဲ့ဝင်များ ရွေးချယ်မှု စသည်တို့နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို နေ့စဉ်ထုတ်သတင်းစာနှင့် မီဒီယာများတွင် ကြေညာရမည်ဖြစ်ကြောင်း။

အများနှင့် သက်ဆိုင်သော ကုမ္ပဏီများ၏ ထည့်ဝင်မတည်ငွေရင်းပမာဏမှာ အနည်းဆုံး ငွေကျပ် သန်း ၅၀၀ ရှိရမည်ဖြစ်ပြီး ငွေရေးကြေးရေးလုပ်ငန်းများနှင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းများကို သက်ဆိုင်ရာတည်ဆဲဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း၊ ငွေရေးကြေးရေးဆိုင်ရာ သတင်းအချက်အလက်များကို နိုင်ငံတကာစံများအတိုင်းပြုစု၍ အများပြည်သူ ထင်သာမြင်သာရှိစေရန် သတင်းစာ၊ ဂျာနယ်နှင့် Internet Website တို့တွင် ထုတ်ပြန်ကြေညာရမည်ဟု ဖော်ပြပါရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နော်ဝေလူသတ်တရားခံ ဘရိုင်ဗစ်ခ် စိတ်ရောဂါကုဆေးရုံသို့ ပို့လွှတ်ခံရဖွယ်ရှိ

မော်စကို　　မတ်　　၄

၂၀၁၁ ခုနှစ်အတွင်း နော်ဝေနိုင်ငံ၌ လူပေါင်း ၇၇ ဦးအား တစ်ရက်တည်းဖြင့် သတ်ဖြတ်ခဲ့သူအဖြစ် ဝန်ခံခဲ့သည့် အန်ဒါဘာရင်း ဘရိုင်ဗစ်ခ်ကို ထောင်သွင်းအကျဉ်းချမည့်အစား စိတ်ရောဂါကုဆေးရုံသို့ ပို့ဆောင်ရန် အမိန့်ချမှတ်နိုင်ကြောင်း နော်ဝေတရားသူကြီးတစ်ဦးက မတ် ၃ ရက်တွင် ပြောကြားခဲ့သည်။

စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုဖြစ်ပေါ်နေသည့် အချိန်တွင် သတ်ဖြတ်မှုများ ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း လွန်ခဲ့သောနှစ်ကတွေ့ရှိရပြီးနောက် တရားရုံး၏ ဒုတိယအကြိမ်ညွှန်ကြားချက်အရ တရားခံ ဘရိုင်ဗစ်ခ်အား စိတ်ပိုင်းဆိုင်ရာ စစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်သည်။

သို့ရာတွင် တရားရုံးဆုံးဖြတ်ချက်ကို သေဆုံးသူများ၏ မိသားစုများက ကန့်ကွက်ခဲ့ကြကြောင်း ဗြိတိန်နိုင်ငံထုတ် ဒေးလီးတယ်လီဂရပ်သတင်းစာက ဖော်ပြခဲ့သည်။

အသက် (၃၃)နှစ်အရွယ် ဘရိုင်ဗစ်ခ်ကို စိတ်ပညာရှင်အဖွဲ့တစ်ဖွဲ့က ၂၄ နာရီမပြတ် စောင့်ကြည့်၍ ၎င်းသည် စိတ်ကစဉ့်ကလျားဖြစ်မှုဝေဒနာ ခံစားနေရသူ ဟုတ်၊ မဟုတ် ဆန်းစစ်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြထားသည်။

စိတ်ကစဉ့်ကလျားဖြစ်မှုဝေဒနာခံစားရသူ ဟုတ်၊ မဟုတ်နှင့်ပတ်သက်၍ လူသတ်တရားခံ ဘရိုင်ဗစ်ခ် နှင့် စိတ်ပညာရှင်နှစ်ဦးတို့အကြား ၃၆ နာရီကြာ တွေ့ဆုံမေးမြန်းချက်များကို အခြေခံထားသည့် လေ့လာဆန်းစစ်ချက်အား သေဆုံးသူများနှင့် မိသားစုများ၏ ရှေ့နေက အောင်မြင်စွာ ထုချေထားကြောင်း သတင်းတွင် ဖော်ပြထားသည်။ **အင်တာနက်။**

အိန္ဒိယနိုင်ငံ၌ စစ်ရေးလေ့ကျင့်ရာတွင် ပါဝင်ကြသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

အိန္ဒိယ၌ အမေရိကန်အထူးတပ်ဖွဲ့များ ရှိနေသည်ဟုဆို

ဝါရှင်တန်　　မတ်　　၄

အမေရိကန်အထူးတပ်ဖွဲ့များသည် အိန္ဒိယနိုင်ငံအပါအဝင် တောင်အာရှငါးနိုင်ငံ၌ ရောက်ရှိနေကြောင်း ပင်တဂွန်ထိပ်တန်းတပ်မှူးတစ်ဦးက ထုတ်ဖော်ပြောကြားသည်ဟု မတ် ၃ ရက် ဘီဘီစီသတင်း၌ ဖော်ပြသည်။

အကြမ်းဖက်သမားများကို တန်ပြန်ချေမှုန်းရာတွင် အိန္ဒိယနိုင်ငံအားကူညီရန်အတွက် အထူးတပ်ဖွဲ့များ တပ်စွဲထားခြင်းဖြစ်သည်ဟု အမေရိကန် ပစိဖိတ်တပ်မှူး ဗိုလ်ချုပ်ကြီး ရောဘတ်ဝီလတ်က ပြောကြားသည်။

၂၀၀၈ ခုနှစ်က မွမ်ဘိုင်းတိုက်ခိုက်မှု၏ လက်သည်ဖြစ်သော ပါကစ္စတန်အခြေစိုက် လက်ချ်ခါ-အီး-တိုင်ဘာ စစ်သွေးကြွအုပ်စုကို ထိန်းချုပ်ဟန့်တားရာတွင် အိန္ဒိယနှင့် အမေရိကန်ပြည်ထောင်စု ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ဟု ၎င်းက ဆိုသည်။

နယူးဒေလီရှိ အမေရိကန်သံရုံးကမူ အိန္ဒိယ၌ အမေရိကန် အထူးတပ်ဖွဲ့များ တပ်စွဲထားခြင်းမရှိကြောင်း ရှင်းလင်းပြောကြားသည်။

မီဒီယာများက ဖော်ပြကြသကဲ့သို့ အိန္ဒိယနိုင်ငံတွင် အမေရိကန်အထူးတပ်ဖွဲ့များမရှိကြောင်း သံရုံး ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ်တစ်ဦးက ဘီဘီစီသို့ ပြောကြားသည်ဟု ဆိုသည်။

သို့ရာတွင် သံရုံးနှင့် အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနက အမေရိကန်အမှတ် ၂၅ ခြေမြန်တပ်မမှ တပ်ဖွဲ့တစ်ဖွဲ့သည် အိန္ဒိယတပ်မတော်နှင့် ပူးတွဲစစ်ရေးလေ့ကျင့်ရန် အိန္ဒိယနိုင်ငံသို့ ရောက်ရှိနေသည်ဟု ပြောသည်။

အမေရိကန်အထူးတပ်ဖွဲ့များသည် နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာနှင့် မော်လ်ဒိုက်နိုင်ငံများတွင်လည်း တပ်စွဲထားကြောင်း ဗိုလ်ချုပ်ကြီး ဝီလတ်က ပြောသည်။ **အင်တာနက်။**

ယီမင်တွင် တိုက်ပွဲများဖြစ် ၂၂ ဦး သေဆုံး

ဆာနာ(ယီမင်)　　မတ်　　၄

ယီမင်နိုင်ငံ အက်ယမ်ပြည်နယ်တောင်ပိုင်းတွင် တိုက်ပွဲဖြစ်ပွားရာ အစိုးရကြည်းတပ်မှ ရှစ်ဦးနှင့် အယ်လ်ခိုင်ဒါ စစ်သွေးကြွ ၁၄ ဦး သေဆုံးကြောင်း ယီမင်စစ်ဘက် တာဝန်ရှိသူများက ပြောကြားသည်။

မေလကတည်းက စစ်သွေးကြွများ ထိန်းချုပ်ထားသည့် အက်ယမ်ပြည်နယ်၏မြို့တော် ဇင်ဂျီဘာ၏အနောက်ဘက်တွင် တနင်္ဂနွေနေ့က တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု တာဝန်ရှိသူများက ပြောသည်။

အက်ယမ်ပြည်နယ်၌ ဖြစ်ပွားနေသော အကြမ်းဖက်တိုက်ခိုက်မှုများသည် ယီမင်အစိုးရကို စိန်ခေါ်လျက်ရှိသည်။ နိုင်ငံရေးမတည်မငြိမ်ဖြစ်ခြင်းကို အခွင့်ကောင်းယူ၍ အယ်လ်ခိုင်ဒါတို့သည် ဥပဒေကင်းမဲ့လုနီးပါးဖြစ်နေသော နိုင်ငံတောင်ပိုင်းမှ မြို့အချို့ကို သိမ်းယူ၍ အစိုးရတပ်ဖွဲ့များ၏ ထိုးစစ်များကို ခုခံတိုက်ခိုက်လျက်ရှိသည်။ **အင်တာနက်။**

နီးဝပ်-အလီဇာဘက်မရိမ်းဆိပ်ကမ်း၌ ဖမ်းဆီးထားသည့် မှောင်ခိုပစ္စည်းများကို တွေ့ရစဉ်။

အမေရိကန်၌ နိုင်ငံတကာမှောင်ခိုအဖွဲ့များကို ချေမှုန်း

ဝါရှင်တန်　　မတ်　　၄

အမေရိကန်ပြည်ထောင်စုမှ တရုတ်နိုင်ငံ၊ တရုတ်(တိုင်ပေ)နှင့် ဖိလစ်ပိုင်နိုင်ငံများအထိ လှုပ်ရှားလျက်ရှိသည့် နိုင်ငံတကာမှောင်ခိုအဖွဲ့များကို ၎င်းတို့အနေဖြင့် ချေမှုန်းနိုင်ခဲ့ကြောင်း အမေရိကန်အာဏာပိုင်များက မတ် ၃ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံအတွင်းသို့ စီးကရက်များ၊ ဖိမ်ခံပစ္စည်းအတုများကို တရားမဝင်တင်သွင်းသည့်အပြင် မူးယစ်ဆေးဝါးများကို မှောင်ခိုတင်သွင်းခဲ့သဖြင့် လူ ၂၉ ဦးကို ဖမ်းဆီးတရားစွဲဆိုထားပြီး ခြောက်ဦး လွတ်မြောက်နေခဲ့သည်။

အဆိုပါ မှောင်ခိုပစ္စည်းများသည် တရုတ်နိုင်ငံက ထုတ်လုပ်သည့် ပစ္စည်းများဖြစ်ပြီး ဒေါ်လာသန်းပေါင်းရာနှင့်ချီ၍ တန်ဖိုးရှိသည်ဟု အစိုးရရှေ့နေများက ပြောသည်။ အဆိုပါ မှောင်ခိုအဖွဲ့အစည်းအားလုံးသည် နယူးဂျာစီရှိ ဆိပ်ကမ်းတစ်ခုကို အသုံးပြုခဲ့ကြသည်။

နီးဝပ်-အလီဇာဘက် မရိမ်းဆိပ်ကမ်း၌ ဖမ်းမိသော ပစ္စည်းများတွင် ဆာဘာရီ၊ လူးဝစ်ဗစ်တင်၊ ဂူစီနှင့် နိုက်ကီတံဆိပ်ကပ်ထားသည့် ပစ္စည်းအတုများ ပါဝင်ခဲ့သည်။

မှောင်ခိုသမားများသည် တရုတ်(တိုင်ပေ)မှ မီသာဖက်တမင်း ၅၀ ကီလိုဂရမ်ခန့်ကို အမေရိကန်နိုင်ငံအတွင်းသို့ တင်သွင်းရန် ကြိုးစားခဲ့ကြသည်။

အဖွဲ့ခေါင်းဆောင် နှစ်ဦးဖြစ်သည့် တရုတ်(တိုင်ပေ) နိုင်ငံသားနှစ်ဦးမှာ ပြစ်မှုကျူးလွန်ကြောင်းတွေ့ရှိလျှင် ထောင်ဒဏ်တစ်သက် ကျခံရဖွယ်ရှိသည်ဟု ဆိုသည်။ **အင်တာနက်။**

ပိုလန်တောင်ပိုင်းတွင် ရထားနှစ်စင်းတိုက်မိ လူ ၁၆ ဦးသေဆုံးပြီး ၅၈ ဦး ဒဏ်ရာရရှိ

ဝါဆော　　မတ်　　၄

ပိုလန်နိုင်ငံတောင်ပိုင်းတွင် မတ် ၃ ရက်နှောင်းပိုင်းက မီးရထားနှစ်စင်း ခေါင်းချင်းဆိုင်တိုက်မိရာ ၁၆ ဦးထက်မနည်း သေဆုံး၍ ၅၈ဦး ဒဏ်ရာရရှိကြောင်း၊ ၎င်းတို့အနက် ၅၄ ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

လမ်းကြောင်းမှားဝင်

အဆိုပါဖြစ်ရပ်သည် ပိုလန်နိုင်ငံတွင် ဖြစ်ပွားသော ရထားမတော်တဆမှုများအနက် အဆိုးရွားဆုံးဖြစ်ကြောင်း၊ ရထားသံလမ်းတစ်လမ်းတည်းတွင် ရထားနှစ်စင်း မျက်နှာချင်းဆိုင် ခုတ်မောင်းလာခြင်းဖြစ်ကြောင်း၊ ပထမရထားမှာ ဝါဆောမြို့မှ ကရာကောင်းသို့ ဦးတည်ခုတ်မောင်းလာပြီး နောက်တစ်စင်းမှာ မြို့တော်ပရီဇမ်ဆဲလ်မှ ခုတ်မောင်းလာခြင်းဖြစ်၍ ပထမ ရထားက လမ်းကြောင်းမှားဝင်လာခြင်းဖြစ်ကြောင်း မီးရထားဌာနမှ ပြောကြားသည်။

ခက်ခဲစွာ ကယ်ထုတ်

ဝါဆောမှ ခုတ်မောင်းလာသော ရထားပေါ်တွင် ခရီးသည် ၂၅၀ ခန့် စီးနင်းလိုက်ပါလာပြီး တစ်နာရီ ကီလိုမီတာ ၁၂၀ မှ ၁၃၀ နှုန်းဖြင့် ခုတ်မောင်းလာခြင်းဖြစ်ကြောင်း၊ အခင်းဖြစ်ပွားပြီးနောက် မီးသတ်နှင့် ရဲတပ်ဖွဲ့ဝင်များ ရာချီရောက်ရှိလာပြီး ပျက်စီးနေသော ရထားတွဲများအတွင်း ပိတ်မိနေသူများအား ခက်ခဲစွာ ကယ်ထုတ်ခဲ့ကြရကြောင်း ရုပ်မြင်သံကြားသတင်းက ထုတ်လွှင့် ပြသသည်။

ဆင်ဟွာ။

ပိုလန်နိုင်ငံ၌ ရထားနှစ်စင်း တိုက်မိပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

တရုတ်နိုင်ငံအလယ်ပိုင်းတွင် သတ္တုတွင်း မတော်တဆဖြစ် နှစ်ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံး

ရီချန်း　　မတ်　　၄

တရုတ်နိုင်ငံအလယ်ပိုင်း ဟူပေးပြည်နယ်ရှိ သတ္တုတွင်းတစ်တွင်းတွင် မတော်တဆမှုတစ်ခုဖြစ်ပွားရာ လူနှစ်ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ဒေသဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက မတ် ၄ရက်တွင် ဖော်ပြသည်။

ဟူပေးပြည်နယ် ရီတူမြို့ ရှောင်ကျင်ဆီကျေးရွာရှိ သတ္တုတွင်းတွင် ည ၁၀နာရီခန့်က အဆိုပါဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာက ကြေညာချက်ထုတ်ပြန်သည်။

အခင်းဖြစ်ပွားရာနေရာသို့ ကယ်ဆယ်ရေးလုပ်သားများ ချက်ချင်းရောက်ရှိလာပြီး ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။ **ဆင်ဟွာ။**

နိုင်ငံတကာသတင်းများ   နိုင်ငံတကာသတင်းများ

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ဒုံးပျံတပ်ဖွဲ့ကိုတွေ့ရစဉ်။

တရုတ်နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ် ၂၀၁၂ ခုနှစ်တွင် ၁၁ ဒသမ ၂ ရာခိုင်နှုန်းတိုးမြှင့်

ပေကျင်း မတ် ၄

၂၀၁၂ ခုနှစ်အတွက် တရုတ်နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်ကို ၁၁ ဒသမ ၂ ရာခိုင်နှုန်းတိုးမြှင့်ထားပြီး အသုံးစရိတ်အဖြစ် တရုတ်ယွမ်ငွေ ဘီလီယံ ၆၇၀ (အမေရိကန်ဒေါ်လာ ၁၀၆ ဒသမ ၄ ဘီလီယံ)သုံးစွဲသွားမည်ဖြစ်ကြောင်း တရုတ်အစိုးရက မတ် ၄ ရက်တွင် ပြောကြားခဲ့သည်။

ယခုနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ်မှုကြမ်းသည် ၂၀၁၁ ခုနှစ်အသုံးစရိတ်ထက် ယွမ် ၆၇ ဒသမ ၀၆ ဘီလီယံ (အမေရိကန် ဒေါ်လာ ၁၀ ဒသမ ၇ ဘီလီယံ)ပိုမိုများပြားကြောင်း တရုတ်အမျိုးသားဥပဒေပြုလွှတ်တော် နှစ်ပတ်လည်အစည်းအဝေး၏ ပြောရေးဆိုခွင့်ရှိသူ လီကျိုရှင်းက ပြောကြားသည်။

အင်တာနက်။

ဂျပန်နိုင်ငံ၌ ငလျင်ဘေးနှင့် ဆူနာမီရေလှိုင်းဒဏ်တို့ကြောင့် အဆောက်အအုံများ ပျက်စီး၍ ကျန်ရစ်သော အမှိုက်သရိုက်များကို ရှင်းလင်းဖယ်ရှားနေကြစဉ်။

ငလျင်နှင့်ဆူနာမီ အမှိုက်သရိုက်များ ဂျပန်မီးရှို့ဖျက်ဆီးမည်ဟုဆို

တိုကျို မတ် ၄

၂၀၁၁ ခုနှစ် မတ်လ ၁၁ ရက် ငလျင်နှင့် ဆူနာမီရေလှိုင်းဒဏ်များကြောင့် ဖြစ်ပေါ်လာခဲ့ရသည့် အပျက်အစီးများကို မီးရှို့ဖျက်ဆီးမည်ဖြစ်ပြီး ထွက်ပေါ်လာသော မီးခိုးပြာများသည် အများပြည်သူများအတွက် ရေဒီယိုသတ္တိကြွဓာတ်ရောင်ခြည်သင့်မှု အန္တရာယ် ပေါ်ပေါက်စေနိုင်ခြင်းမရှိကြောင်း ဂျပန်သိပ္ပံပညာရှင်များက မတ် ၂ ရက်တွင် ပြောကြားခဲ့သည်။

ငလျင်နှင့် ဆူနာမီဒဏ်ခံစားခဲ့ရသော ခရိုင်ဒေသများမှ အမှိုက်သရိုက်များအား မီးရှို့ဖျက်ဆီးရန်အတွက် စတင်စုဆောင်းနေပြီဖြစ်ကြောင်း တိုကျိုမြို့တော်အုပ်ချုပ်ရေးအဖွဲ့က ပြောကြားခဲ့သည်။

ငလျင်နှင့် ဆူနာမီဒဏ်ခံဒေသများဖြစ်သော မီယာဂီနှင့် အီဝါတီဒေသများမှ အမှိုက်သရိုက်တန်ချိန် ပေါင်း ၅၀၀၀၀၀ ခန့်ကို မီးရှို့ဖျက်ဆီးရန် ဂျပန်နိုင်ငံက စီစဉ်ထားကြောင်းသတင်းများတွင် ဖော်ပြသည်။

မတ် ၁၁ ရက် ငလျင်နှင့် ဆူနာမီဒဏ်သင့် ဖူကူရှီးမား နျူကလီးယား လျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ရေဒီယိုသတ္တိကြွဓာတ်ရောင်ခြည်များအန္တရာယ်ကို ဂျပန်ပြည်သူများအနေဖြင့် စိုးရိမ်လျက်ရှိသော်လည်း တိုကျိုမြို့တော် အုပ်ချုပ်ရေးအဖွဲ့သည် ဆူနာမီအမှိုက်သရိုက်များအား စမ်းသပ်မီးရှို့ခဲ့ပြီး ပြဿနာ တစ်စုံတစ်ရာမရှိကြောင်းပြောကြားခဲ့သည်။

ငလျင်နှင့် ဆူနာမီဒဏ်သင့် ခရိုင်နှစ်ခုမှ အမှိုက်သရိုက်များအား တိုကျိုမြို့တွင်ဖြစ်ပေါ်ခဲ့သော အမှိုက်သရိုက်များနှင့်အတူ မီးရှို့ဖျက်ဆီးမည်ဖြစ်ကြောင်း ဂျပန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အင်တာနက်။

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ရှိ ကုန်စိမ်းဈေးမီးလောင်၊ လူခြောက်ဦးသေဆုံး

ခတ္တမန္ဒူ မတ် ၄

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ရှိ အကြီးမားဆုံးသော ကုန်စိမ်းရောင်းချရာ ဈေးတစ်ဈေး၌ မတ် ၃ ရက် ညပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ရာ လူခြောက်ဦးသေဆုံးခဲ့သည်ဟု ရဲအဖွဲ့က ပြောကြားသည်။

နီပေါရဲတပ်ဖွဲ့မှ ဆင်ဟွာသတင်းဌာနသို့ ပြောကြားရာတွင် ၎င်းတို့အနေဖြင့် မည်သူမည်ဝါဟုခွဲခြားခြင်းမပြုနိုင်သည့် မီးလောင်ကျွမ်းသေဆုံးသူ ခြောက်ဦးကို ရှာဖွေတွေ့ခဲ့ကြောင်း၊ မီးလောင်မှုကြောင့် စိုးရိမ်ဖွယ်ရာဒဏ်ရာရရှိသူတစ်ဦးကို ဆေးရုံသို့ တင်ပို့ခဲ့သည်ဟုဆိုသည်။

အဆိုပါ ကုန်စိမ်းဈေးမီးလောင်မှုသည် မတ် ၃ ရက် ဒေသစံတော်ချိန် ည ၁၀ နာရီခန့်တွင်ဖြစ်ပွားခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

အင်တာနက်။

○ စနေဂြိုဟ်မှ

လည်းကောင်း အရင်းခံဖြစ်ပေါ်လာခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ယုံကြည်ထားသည်။

မည်သို့ဖြစ်စေ စနေဂြိုဟ် ဂြိုဟ်ရံလ ဒိုင်အိုနီ၏ ဝန်းကျင်၌ အောက်ဆီဂျင်များ တည်ရှိမှုကို ဘူမိဗေဒသဘောအရသော်လည်းကောင်း၊ အခြားအဖြစ်အပျက်များအား ထောက်ရှုခြင်းအားဖြင့် လည်းကောင်း၊ ရှေ့ဆက်လေ့လာဆန်းစစ်နိုင်ရန် သိပ္ပံပညာရှင်များက မျှော်လင့်ထားသည်။ နေစကြဝဠာအတွင်းရှိ ကမ္ဘာဂြိုဟ်၊ သောကြာဂြိုဟ်၊ အင်္ဂါဂြိုဟ်နှင့် စနေဂြိုဟ်တို့၏ ဂြိုဟ်ရံလများတွင်လည်း လေထုလွှာများတည်ရှိပြီး ယင်းလေထုလွှာများသည် ဒိုင်အိုနီလ၏ လေထုလွှာထက် ပိုမိုထူထဲသည်။

အင်တာနက်။

အင်းလေးကန် သာယာလှပရေး တူးဖော်ပြုပြင်ပေး

အင်းလေးကန် မိုင်(၂၀)ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ သစ်တော၊ ရေမြေ၊ သားငှက်တိရစ္ဆာန်ကာကွယ်ထိန်းသိမ်းရေးကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ ပြည်နယ်ဆည်မြောင်းဦးစီးဌာန၏ အနီးကပ်ဦးဆောင်မှု၊ ညောင်ရွှေမြို့နယ် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးအောင်၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် စီမံချက်ရေးဆွဲကာ ညောင်ရွှေဆည်မြောင်းဦးစီးဌာနက အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။အင်းလေးကန် သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ စက်အား၊ လူအားတို့ဖြင့် အမြဲမပြတ်ဆောင်ရွက်လျက်ရှိသည်။

အင်းလေးကန်ရေရှည် တည်တံ့ရေးနှင့် သာယာလှပရေးတို့အတွက် ဆည်မြောင်းဦးစီးဌာနသည် အဓိကဆောင်ရွက်နေရသော ဌာနကြီးဖြစ်သည်။ အင်းလေးကန်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သာယာလှပရေးတို့အတွက် ညောင်ရွှေမြို့ ဆည်မြောင်းဦးစီးဌာနက စက်အင်အားများတိုးချဲ့အသုံးပြု၍ နမ့်လတ်ချောင်းနှင့် ရေပယ်ချောင်းတို့ပူးပေါင်းစီးဆင်းလာသော ချောင်းနှစ်ချောင်း ရေဆင်းဧရိယာ ၆၆၄ စတုရန်းမိုင်မှ စီးဝင်လာသည့် သဲနုန်းပို့ချမှုများကို ဘီတာသောင်တူးသင်္ဘောနှင့် သောင်လင်းသောင်တူးသင်္ဘောတို့ဖြင့် တူးဖော်လျက်ရှိသည်။ ထို့အပြင် ငါးဖယ်ချောင်းရေလမ်းသို့ စီးဝင်လာသည့် ရေဆင်းဧရိယာ ၃၁၂ စတုရန်းမိုင်ရှိ ဘီလူးချောင်း (အင်းတိန်ချောင်း) ရေဆင်းဧရိယာ ၂၅၆ စတု ရန်းမိုင်ရှိ ကလောချောင်း (သန်းတောင်ချောင်း)တို့မှ ပို့ချထားသော သဲနုန်းများကိုလည်း သောင်ဖျက်သောင်တူး သင်္ဘောဖြင့်သဲနုန်းများကို တူးဖော်ပေးလျက်ရှိသည်။

အင်းလေးကန်အနောက်ခြမ်းမှ စီးဝင်လာသည့် ကလောချောင်း(သန်းတောင်ချောင်း) ရေဆင်းဧရိယာတွင် ၂၀၁၁ ခုနှစ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောင်းသောင်များ ကျိုးပေါက်ခဲ့ရသဖြင့် ချောင်းသောင်များ ပြန်လည်ပိတ်ဆို့ခြင်းနှင့် မိုးရာသီတွင်ပို့ချခဲ့သည့် နုန်းများအား တူးဖော်ဖယ်ရှားခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် စက်ကြီးများဖြင့် ပြုပြင်လျက်ရှိသည်။ အင်းလေးကန်၏ အင်ဦးနှင့် ကြေးစားကုန်း ကျေးရွာကြား အင်းရေပြင်၊ မြေနီကုန်းနှင့် ငါးဖယ်ချောင်းကျေးရွာကြားအင်းရေပြင်၊ ငါးဖယ်ချောင်းရေလမ်းတစ်လျှောက်၊ ဇရပ်ကြီးနှင့် နန်းပန်ကြားအင်းရေပြင်၊ ဇရပ်ကြီးနှင့် သလဲဦးကျေးရွာအကြား အင်းရေပြင်တို့တွင်ရှိနေသည့်ဗေဒါနှင့် ကျွန်းမျောများ ဧက ၂၅၀ ခန့်ကို စုပေါင်းရှင်းလင်းဖယ်ရှားပေးခဲ့သည်။

အင်းလေးကန်သာယာလှပရေးနှင့် သန့်ရှင်းရေးအတွက် ကျွန်းမျောရိုင်းများ စဉ်ဆက်မပြတ် ရှင်းလင်းသွားမည့်

ယမ်းတွင်းချောင်းပေါ်တွင် တည်ဆောက်ထားသည့် နုန်းဖမ်းဆည်ကို တွေ့ရစဉ်။

အရှေ့ဘက်ခြမ်း ဆွန်တန်ချောင်းမှ စီးဝင်လာသည့် ရေဆင်းဧရိယာ ၃၅ စတုရန်းမိုင်မှ ပို့ချလာသော သဲနုန်းများကိုလည်း စက်အားဖြင့် သယ်ယူဖယ်ရှားလျက်ရှိသည်။

အင်းလေးကန်ရေပြင်တွင် ဗေဒါနှင့် ကျွန်းမျောများ အများဆုံးတည်ရှိသည့်နေရာများဖြစ်သည့် အိုင်ထောင့်ကြီးနှင့် မိုင်းသောက် ကျေးရွာကြားအင်းရေပြင်၊ အပြင် ကျွန်းမျောရိုင်းများကိုလည်း အမြဲမပြတ် ဖျက်ဆီးသွားမည်ဖြစ်သည်။ အင်းရေပြင် ရေမှော်များကိုလည်း စဉ်ဆက်မပြတ် ရှင်းလင်းခဲ့ရာ ယနေ့အထိ ၃၂၆ ဧက ရှင်းလင်းပြီးဖြစ်သည်။ ထို့အပြင် အင်းရွာများကိုလည်း သန့်ရှင်းရေးပြုလုပ်ခဲ့ရာ ရွာပေါင်း ၃၀ သန့်ရှင်းရေးပြုလုပ်ပြီးဖြစ်သည်။

ငါးဖယ်ချောင်းရေလမ်းကြောင်းအတွင်း ကျွန်းမျောရိုင်းရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်နေစဉ်။

မြန်မာနိုင်ငံ၏ အဓိကသမိုင်းဝင် အင်းလေးကန်ကြီး မတိမ်ကောရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ညောင်ရွှေမြို့ ဆည်မြောင်းဦးစီးဌာနက စီမံချက်များရေးဆွဲ၍ နေ့စဉ်၊ လစဉ် စက်ယန္တရားကြီးများဖြင့် နုန်းသယ်ခြင်း၊ ကန်သန့်ရှင်းရေးအတွက် ရေမှော်များရှင်းလင်းခြင်း၊ ကျွန်းမျောရိုင်းများ ရှင်းလင်းဆောင်ရွက်နေသည်ကို တွေ့ရသည်။ ညောင်ရွှေမြို့ ဆည်မြောင်းဦးစီးဌာနသည် နှစ်စဉ် အင်းလေးဖောင်တော်ဦးဘုရားပွဲ ဒေသစာရီမကြွမီနှင့် ကြွနေစဉ်ကာလအတွင်း ဒေသစာရီကြွချီမည့်ရွာများ သွားရာလမ်းတစ်လျှောက် ဖောင်လမ်းကြောင်းများ ရှင်းလင်းပေးခဲ့ရသည်။

ကိုတင်လှိုင် (မိတ္ထီလာ)

သဘာဝအန္တရာယ်ကာကွယ်ရေး စက်မှုစွမ်းအားဖြင့် ဆောင်ရွက်နေသော ကျေးလက်ပြည်သူများ

မန္တလေး မတ် ၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးရွာဒေသများတွင် နွားစာ၊ကျွဲစာများကို သမားရိုးကျလူအားဖြင့် မစဉ်းတော့ဘဲ စက်အားဖြင့် အသုံးပြုကြသည်ကို လေ့လာတွေ့ရှိရသည်။

ပဲရိုး၊ ပြောင်းရိုး၊ မြက်စပ်၊ ကောက်ရိုး အစရှိသည်များကို စုပုံထားခြင်းဖြင့် မီးအန္တရာယ်စိုးရိမ်ရသည့်နည်းတူ အားလပ်သော အချိန်ကာလတွင် အချိန်ကို တန်ဖိုးရှိစွာ အသုံးချ၍ လယ်ယာစိုက်ပျိုးကြသော တောင်သူများမှာ ကျွဲစာ၊ နွားစာအတွက် ပဲရိုး၊ ပြောင်းရိုး၊ မြက်စပ်၊ ကောက်ရိုး အစရှိသည်တို့ကို စက်ဖြင့်စဉ်း၍ စဉ်းတိုက်များအတွင်း စနစ်တကျသိုလှောင်ထားခြင်းဖြင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရာရောက်သည်ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

နွားစာစဉ်းစက်များကို ရွှေ့လျား၊ ပြောင်းရွှေ့နိုင်အောင် လှည်းများဖြင့် စီစဉ်ထားပြီး လုပ်ငန်းခွင်အသီးသီးသို့ အခက်အခဲမရှိ သွားရောက်ဝန်ဆောင်ပေးနိုင်သည်ဟု သိရသည်။ ပြောင်းရိုး၊ မြက်စပ် အစရှိသော နွားစာအတွက် စက်ဖြင့်စဉ်းပါက တစ်နာရီလျှင် ငွေကျပ် ၃၀၀၀ ပေးရသည်ဟု သိရသည်။ တစ်နာရီစဉ်းလျှင် စဉ်းပြီး နွားစာလှည်း လေး၊ ငါး စီးစာခန့် ရရှိသည်ဟု သိရသည်။

နွားစာအတွက် ဝန်ဆောင်မှုပေးကြသော စက်ပိုင်ရှင်များမှာလည်း တစ်နေ့လျှင် ခုနစ်နာရီခန့် ဝန်ဆောင်မှုပေးနိုင်၍ သင့်တင့်သောဝင်ငွေရရှိကြသည်ဟုသိရသည်။

ယခုကဲ့သို့ လူ့စွမ်းအားမှသည် စက်စွမ်းအားသို့ ပြောင်းလဲလာခြင်းကြောင့် ကျေးလက်နေပြည်သူများ မီးဘေးအန္တရာယ်၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေးအတွက် အထောက်အကူပြုနေကြောင်းသိရသည်။ **(အောက်ပုံ)**

(၆၅၄)

အတိုအကွဲဖလဲတွေနဲ့

အမျိုးသားစာပေဆုရ အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)

ကမ္ဘာပေါ်တွင် ရှေးမွန်မဆွ လူ့ဘောင်လောကတည်ထောင်စကပင် လူမျိုးစုများ၏ နိုင်ငံအသီးသီး၌ မိမိနိုင်ငံ၊ မိမိတိုင်းပြည် အစဉ်ထာဝရ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရှေ့ဆောင်လမ်းပြစောင့်ရှောက် ဆောင်ရွက်ခြင်းပြုခဲ့သည်မှာ ယဉ်ကျေးမှုပင် ဖြစ်ပါသည်။

ယဉ်ကျေးမှုဟူသည် လူ့အဖွဲ့အစည်းတစ်ခုတွင် ပထဝီဝင်အနေအထားကိုလည်းကောင်း၊ လူနေမှုဓလေ့ ထုံးစံ၊ ဆင်ယင်ထုံးဖွဲ့ဝတ်စားဆင်ယင်မှု၊ ပန်းချီ၊ ပန်းပု စသည့် ပန်းဆယ်မျိုး အတတ်ပညာ အဆို၊ အက၊ အရေး၊ အတီး စသည့် အနုပညာ အသွယ်သွယ်၊ ကိုးကွယ်သည့် ဘာသာအယူဝါဒ၊ စာပေအရေးအသား အတွေးအခေါ် နည်းပညာတိုးတက်ဖွံ့ဖြိုးမှု စသည့် ဘက်ပေါင်းစုံတို့ကို အခြေပြု၍ ယဉ်ကျေးမှု မူလသဘောတရားများဖြစ်ထွန်းလာရခြင်း ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပတ်ဝန်းကျင်နိုင်ငံအသီးသီးနှင့် မရောယှက်စိမ့်သောငှာ သဘာဝက သီးခြားတောတောင်မြစ်ချောင်းများကို အတားအဆီးသဖွယ် ဖန်တီးပေးထားသည်။ မြောက်ဘက်တွင် ရေခဲဖုံးလွှမ်းနေသည့် တောင်တန်းများ၊ အရှေ့ဘက်နှင့် အနောက်ဘက်တွင် မြောက်မှတောင်သို့ သွယ်တန်းနေသည့် တောင်ကုန်းများ၊ မြစ်ချောင်းများ၊ အနောက်နှင့်တောင်ဘက်တွင် ပင်လယ်ကြီးက ကာဆီး၍ နယ်နိမိတ်မျဉ်းကြောင်းသဖွယ် တည်ရှိနေသည်။ မြန်မာနိုင်ငံတွင် လူမျိုးအသီးသီး ပေါင်းစုနေထိုင်ကြရာတွင် ကိုယ်ပိုင်ယဉ်ကျေးမှုများကိုယ်စီရှိကြသည်။ အဆင့်မြင့်သော လူနေမှုစနစ်၊ ဓလေ့ထုံးစံ၊ ဆင်ယင်ထုံးဖွဲ့မှု၊ အဆိုအက၊ အတီးအမှုတ်၊ ကိုးကွယ်ရာဘာသာအယူဝါဒ၊ စာပေနှင့်စကား၊ လယ်ယာစိုက်ပျိုးခြင်း၊ ဆောက်လုပ်ရေးအတတ်၊ မွေးမြူရေးအတတ်ပညာများတို့ဖြင့် လူမျိုးနွယ်အလိုက် တင့်တင့်တယ်တယ်ရှိကြသည်။ မြန်မာ့ရေမြေတောတောင်အတွင်း ရှေးပဝေသဏီ နှစ်ပေါင်းများစွာကပင် နေထိုင်ခဲ့ကြသည့် ဗမာ၊ ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ ပလောင်၊ ဝ၊ ပအိုဝ်း၊ နာဂ စသည့် လူမျိုးနွယ်စုများ နေထိုင်ကြရာ၌ ယင်းလူမျိုးနွယ်စုများ၏ ရိုးရာစရိုက် ဓလေ့ထုံးစံယဉ်ကျေးမှုတို့သည် စံနှုန်းအခြေခံတူညီကြသည်။

မြန်မာနိုင်ငံနှင့်ဆီလျော်သော အမျိုးသားယဉ်ကျေးမှုသည် ရှေးမွန်မဆွ ဘေးဘိုးဘွားများလက်ထက်မှ စ၍ တစ်သီးတခြား အခိုင်အမာရပ်တည်လာခဲ့သည်။ စာပေယဉ်ကျေးမှုသည် အစဉ်တစိုက် တိုးတက်ဖွံ့ဖြိုးလာပြီး တစ်ဆင့်ပြီးတစ်ဆင့် အခက်အလက်အရွက်တို့ဖြင့် ဝေဆာတင့်ဆန်းပွင့်လန်းလာကြသည်။ မျိုးချစ်စိတ်ဓာတ်ခိုင်မာစွာဖြင့် အမျိုးသားယဉ်ကျေးမှုအနေဖြင့် ရာဇဝင်သမိုင်းကို ပြေပြေပြစ်ပြစ် ဖန်တီးထူထောင်လာခဲ့သည်။

နတ်ကိုးကွယ်သည့်လူမျိုးစု အနည်းအကျဉ်းသာရှိခဲ့သော်လည်း အများစုမှာ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသည်။ ဗုဒ္ဓသာသနာတော်၏ အဆုံးအမကို ခံယူစေပြီး ဟိရိဩတ္တပ္ပတရားကို အလေးထားခဲ့ကြသည်။ တိုင်းရင်းသားလူမျိုးနွယ်စုများအလိုက် စာပေ၊ အနုပညာ၊ တေးဂီတတူရိယာ၊ စိုက်ပျိုးရေးနှင့် လက်မှုပညာ အတတ်စသည်တို့သည် ကိုယ်ပိုင်ဟန်ဖြင့် ခိုင်ခိုင်မာမာ ရပ်တည်နေကြသည်။

ကျွန်တော်တို့သည် ၁၈၂၅ ခုနှစ်မှစ၍ နှစ်ပေါင်း ၁၀၀ ကျော်ခန့်မျှ နယ်ချဲ့တို့၏ ကျူးကျော်မှု ယဉ်ကျေးမှု စရိုက်သွတ်သွင်း လွှမ်းမိုးခြင်းကို ခံခဲ့ရသည်။ သို့သော်လည်း မျိုးချစ်မြန်မာတို့သည် အရိုးကို အရွက်မဖုံးစေဘဲ၊ ယဉ်ကျေးမှု အမွေအနှစ်မပျောက်မပျက်အောင် တိုင်းတစ်ပါးတို့၏ စရိုက်ဆိုးများ ရောယှက်၍ ဝါးမျိုခြင်း မခံရအောင် ဇာတိမာန်ကိုယ်ခံစွမ်းအားဖြင့် ခုခံဟန့်တားနိုင်ခဲ့သည်။ ကျွန်ခေတ်မှ လွတ်မြောက်လာသည့်အခါ ပြည်ထောင်စုမြန်မာနိုင်ငံသည် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်စကား၊ ကိုယ်ပိုင်ဝတ်စားဆင်ယင်မှု၊ ကိုယ်ပိုင် ဓလေ့ထုံးစံ၊ ကိုယ်ပိုင်အနုပညာများဖြင့် ဝင့်ဝင့်ထည်ထည် လူမျိုးကြီးအဖြစ် ရပ်တည်နိုင်ခဲ့ပေသည်။

ယနေ့အခါ နည်းပညာဖွံ့ဖြိုးမှု သိပ္ပံပညာတိုးတက်နေသည့်အလျောက် လမ်းပန်းဆက်သွယ်ရေးနှင့် သတင်းနည်းပညာအချက်အလက် ပျံ့နှံ့မှု လွယ်ကူမြန်ဆန်နေသဖြင့် ကမ္ဘာကြီးသည် တပေါင်းတစည်းတည်း ယှက်နွယ်နေသည့် ကမ္ဘာ့ရွာကြီး အသွင်သို့ ကူးပြောင်းနေပေပြီ။ အင်တာနက်ကွန်ရက် လွှမ်းမိုးမှုကြောင့်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ ယဉ်ကျေးမှု၊ နိုင်ငံသားတို့၏ အတွေးအခေါ် အယူအဆ၊ သဘောတရား၊ လူ့ဘောင် လူနေမှုစနစ်ပုံသဏ္ဌာန်တို့သည် လျင်မြန်စွာ ပြောင်းလဲလာနေကြသည်။ မည်သို့ပင်ဖြစ်စေ ယင်းသို့ စီးဆင်းလာသည့် ယဉ်ကျေးမှုစရိုက်များအားလုံးကို မြန်မာတို့က လက်ဝေခံကျင့်သုံးရန်မသင့်။ မဆီလျော်သည့် စရိုက်ဆိုးများကို နိုင်ငံသားတိုင်းက အစဉ်တွန်းလှန်လျက် အမျိုးသားရေးသတိဖြင့် ကာကွယ်နေရမည် ဖြစ်သည်။

ရိုးရာယဉ်ကျေးမှုပျက်စီးရန် အလွယ်ဆုံးလုပ်ဆောင်မှုမှာ ဝတ်စားဆင်ယင်မှုဖြင့် ဆွဲဆောင်ခြင်းပင် ဖြစ်သည်။ ထိုဝတ်စားဆင်ယင်မှုသည် တေးဂီတ၊ ရုပ်ရှင်၊ ဗီဒီယို၊ စာပေများမှတစ်ဆင့် အရှိန်အဟုန်ပြင်းစွာဖြင့် စီးဆင်းလာနေသည်။ ဗုဒ္ဓ၏ အဆုံးအမ တရားတော်များအား လိုက်နာမှုအားနည်းလာခြင်း၊ ရိုးရာယဉ်ကျေးမှုနှင့် အမျိုးသားရေး စရိုက်လက္ခဏာများ ပပျောက်ခြင်းတို့၏ ပျက်စီးခြင်းအစမှာ ဝတ်စားဆင်ယင်မှုက ပထမဟုဆိုချင်ပါသည်။ အဓိကမှာ အမျိုးသမီးတို့၏ လျှပ်ပေါ်လော်လည် ဖောက်ပြားမှုဆန်သည့် သရုပ်ပျက်ဝတ်စားဆင်ယင်မှု လွှမ်းခြုံလာရာမှ အရှက်အကြောက်တရားတို့ကင်းမဲ့ကာ အနောက်တိုင်းလူနေမှု အကျင့်စရိုက်တို့ကို အတုခိုးကြတော့မည်ဖြစ်ခြင်းကြောင့်ပင်။ ကိုလိုနီခေတ်က အမျိုးသမီးအချို့၏ အင်္ကျီပါးနှင့် ဇာဘော်လီဝတ်ဆင်မှုကို ဝံသာနုရက္ခိတအသင်းသားများ၊ ဒို့ဗမာအစည်းအရုံး ဦးဆောင်မှုဖြင့် လူပုဂ္ဂိုလ်သာမက ရဟန်းသံဃာများပါ ပါဝင်၍ ပင်နီချောနှင့် ယောထဘီကို အစားထိုးဝတ်ဆင်ရန်၊ ရိုးရာမပျက် အရှက်လုံခြုံစွာ ဝတ်ဆင်ရန်တို့ကို ဆောင်ရွက်ခဲ့ရသည့် သမိုင်းကြောင်း အထင်အရှားရှိပါသည်။

တေးဂီတသရုပ်ပျက်မှုသည် ဖန်တီးသူအနုပညာသည် တစ်စုမှတစ်ဆင့် တစ်ပြည်လုံးပျံ့နှံ့ရန် အချိန်ယူရမည်။ ဝတ်စားဆင်ယင်မှုမှာမူ ဂီတနှင့် ရုပ်ရှင်မော်ဒယ်များမှတစ်ဆင့် တစ်ပြည်လုံးသို့ ချက်ချင်းကူးစက်သွားနိုင်သည်။ ဖက်ရှင်ဒီဇိုင်းများ၏ ဆွဲဆောင်မှုက အင်တာနက်ကွန်ရက်မှတစ်ဆင့် အရှိန်အဟုန်ပြင်းစွာ မြန်မာနိုင်ငံအတွင်း စီးဆင်းလာနေပါသည်။

အားကစားကလောင်ရှင် ဆရာခင်မောင်ထွေး(ပျဉ်းမနား)မှ အား/ကာ စာစောင်တစ်ခုထဲတွင် မြန်မာမလေးများ၏ မလုံ့တလုံစကတ်၊ အကွဲ-ဖလဲ၊ ဘောင်းဘီတိုကလေးများဖြင့် လူမြင်ကွင်းမှာ ထွက်လာနေသည့် သရုပ်ပျက်ယဉ်ကျေးမှုသည် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံကို ဖျက်ဆီးမည့်သဘောဆောင်လာ၍ အကျင့်စာရိတ္တနှင့် ယဉ်ကျေးမှုပျက်စီးတော့မည်ကို ဝိုင်းဝန်းတားဆီးကြပါရန် မီးမောင်းထိုးပြရေးသားသည်ကို ဖတ်ရှုရပါသည်။

၁၁-၁-၂၀၁၂ နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှ "မြန်မာလိုလှတာ ဂုဏ်ယူစရာကောင်းပါသည်" ခေါင်းစဉ်ပါ အယ်ဒီတာ့အာဘော်တွင် သရုပ်ပျက်ဝတ်စားဆင်ယင်မှုကို မြန်မာအမျိုးသမီးများ ပြုပြင်ဆင်ခြင်ရန် မီးမောင်းထိုးပြထားပါသည်။

မလုံ့တလုံဝတ်စားဆင်ယင်မှုသည် ဈေးသည်လောက၊ ကုမ္ပဏီဝန်ထမ်း၊ ရုပ်ရှင်တေးဂီတသရုပ်ဆောင်များ၏ လည်ဟိုက်အင်္ကျီမှ စတင်မည်ဟု ကောက်ချက်ချလိုပါသည်။ ကျွန်တော် မြန်မာနိုင်ငံ နယ်စပ်ဒေသအသီးသီးကို ရောက်ခဲ့ပါ၏။ ဥပမာ တစ်ခုသာ ပြဆိုပါမည်။ တာချီလိတ်မှကူး၍ ထိုင်းဘက်ကမ်း မယ်ဆိုင်ဈေးတန်း၊ ပလက်ဖောင်းဈေးသည်များကို ယနေ့မြန်မာနှင့်နှိုင်းယှဉ် သတိထား၍ ကြည့်မိသည်။ ဖလဲ၊ အကွဲကလေးများ ဝတ်ထားပေမယ့် လုံလုံခြုံခြုံ၊ ဘောင်းဘီကလည်း အရှည်ဖြစ်၏။ ပေါင်ရင်းထိ မတိုပါ။ ထို့အတူ အင်္ကျီမှာလည်း ရင်စေ့၊ ထိုင်းမလေးများမှာ မပေါ့တပေါ် မဟုတ်ကြပေ။

နိုင်ငံအဝှမ်း ပျိုပျိုအိုအိုများ၏ မလုံမလဲဝတ်စားဆင်ယင်မှုမှတစ်ဆင့်တက်၍ ဘောင်းဘီတိုနံ့နံ့ အင်္ကျီလည်ဟိုက်တို့ဖြင့် တစ်စထက်တစ်စ ဖော်လှစ်ဟရန် ယနေ့ မြန်မာအမျိုးသမီးများ ခြေလှမ်းလာကြသည်။ လမ်းမသို့ ထွက်လာ နေကြသည်။

Style ရှိမှ Star ဖြစ်မည်ဆိုသည့် မြန်မာမိန်းကလေးများ၏ အယူအဆသစ်တွင် ခေတ်မီအောင် ဝတ်စားဆင်ယင်မှုပိုကဲပြီး မပေါ့တပေါ် ခေတ်လွန်ဝတ်စားဆင်ယင်မှုကို မက်မောတွယ်တာခြင်း မပြုအပ်ပေ။

သို့ပါ၍ မြန်မာအမျိုးသမီးများ အပျိုအအိုမရွေး ရိုးရာယဉ်ကျေးမှုဝတ်စားဆင်ယင်မှု အစဉ်အလာကိုထိန်းသိမ်းရန် လိုအပ်နေပါပြီ။ ပွဲတက်ဝတ်စုံကိုချည်း ဝတ်ဆင်နေရမှာမဟုတ်ပါ။ ရှေးထုံးလည်းမပယ်နှင့် ဈေးသုံးကိုမလွယ်နှင့် စကားပုံသည် ယနေ့ပြောင်းလဲလာသည့် ယဉ်ကျေးမှုပုံရိပ်များအရ အကြွင်းမဲ့လက်ခံနိုင်သော မြန်မာဆိုရိုးစကား အပြည့်အဝမဟုတ်သော်လည်း ချောင်းကိုပစ်၍ မြစ်ကိုရှာရန်မဟုတ်ပါ။ အဟောင်းကိုပစ်လျှင် အသစ်ကိုခင်တွယ်ရာ၌ အရိုးကို အရွက်မဖုံးကြဘဲ ရိုးရာယဉ်ကျေးမှုဝတ်စားဆင်ယင်ထုံးဖွဲ့မှုကို လူငယ်မောင်မယ်များက မြန်မာ့အမြင် မြန်မာ့အတွေးဖြင့် ခေတ်နှင့်လျော်ညီသော ဟိရိဩတ္တပ္ပတရားနှင့် ပြည့်ဝသည့် ဝတ်စုံမျိုးဖြင့် ဝတ်ဆင်၍ ပွဲလယ်တင့်ကြပါစေရန် တိုက်တွန်းအပ်ပါသည်။ ။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအား Kasikorn Bank မှ ဧည့်အဖွဲ့တွေ့ဆုံ

နေပြည်တော် မတ် ၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းအား Kasikorn Bank Public Company Limited of Thailand မှ Executive Vice President Mr. Kittiphun Anutarasoti နှင့်အဖွဲ့သည် မတ် ၁ ရက် နံနက်ပိုင်းတွင် အဆိုပါ ဗဟိုဘဏ်ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ Kasikorn Bank အနေဖြင့် မြန်မာနိုင်ငံတွင် နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးခွဲ ဖွင့်လှစ်ရန်ကိစ္စနှင့် မြန်မာနိုင်ငံမှ ပြည်တွင်းဘဏ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် အစီအစဉ်များကို ဆွေးနွေးကြပြီး တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဌာနကြီးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်ပတ်လည် အစည်းအဝေး

ဖြူး မတ် ၄

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ စာရေးလမ်း အခြေခံပညာမူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀ နာရီက ယင်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်နွဲ့ရီနှင့် လ/ထမြို့နယ်ပညာရေးမှူး ဦးအောင်ဇော်နိုင်၊ ကျောင်းအကျိုးဆောင်ဦးညီညီလွင်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ မိဘဆရာအသင်း နှစ်ပတ်လည်အစီအရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားတင်သွင်းအတည်ပြုကြပြီး ၂၀၁၁-၂၀၁၂ ပညာသင်နှစ်၌ စတုတ္ထတန်းမှ သူငယ်တန်းအထိ ပညာရည်ချွန်ဆုများကို ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

(၁၄၀)

ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်း၏ ကျန်းမာရေးအလှူတော်

ရန်ကုန် မတ် ၄

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကဦးဆောင်သော ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်း၏ နယ်လှည့်ကျန်းမာရေးအလှူတော်ကို ချင်းပြည်နယ် မင်းတပ်မြို့ သီတဂူ-တက်လမ်းစကျွဒါန ဆေးရုံ၌ ဇန်နဝါရီ ၂၇ ရက်မှ ၃၀ ရက်အထိကျင်းပသည်။**(အပေါ်ပုံ)**

အထူးကုဆရာဝန်ကြီးများ အပါအဝင် ဆရာဝန်၊ သူနာပြု ၅၀ ကျော်တို့က ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်သည့် လူနာပေါင်း ၃၃၈၀ ကျော်ကို မေတ္တာဖြင့် ကြည့်ရှုစစ်ဆေးကုသပေးခြင်း၊ လိုအပ်သောဝေယျာဝစ္စများကို မင်းတပ်မြို့ ဒေသဆိုင်ရာအာဏာပိုင်များ၊ မြို့မိမြို့ဖများနှင့် ပရဟိတအဖွဲ့အစည်း အသီးသီးမှ လုပ်အားပေးလူငယ်များ၊ လှိုင်ကော်မြို့မှ စေတနာရှင်လူငယ်များက စိတ်အားထက်သန်စွာ ဝိုင်းဝန်းကူညီခြင်းအားဖြင့် ကျန်းမာရေးအကူအညီ လိုအပ်နေသူများအတွက် ကျန်းမာရေးအလှူတော်လုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့၌ ဇန်နဝါရီ ၂၄ ရက်မှ ၂၇ ရက်အထိ မကွေးဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၊ ဇေယျတုဖောင်ဒေးရှင်းတို့နှင့်ပူးပေါင်းလက်တွဲ၍ ကျင်းပသောအခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၌လည်း ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်းမှ ကျပ်သိန်း ၁၂၀ ကျော် တန်ဖိုးရှိသော ဆေးနှင့် ဆေးပစ္စည်းကိရိယာများ၊ တောင်တွင်းကြီးပြည်သူ့ဆေးရုံအတွက် အောက်ဆီဂျင် ထုတ်စက်၊ ချွဲစုပ်စက်၊ သွေးစိုက်ခုံသုံးစက်၊ မျက်စိခွဲစိတ်သုံး မိုက်ခရိုစကုပ်၊ ဆေးပုလင်းချိတ်စင်၊ အဲကွန်းနှင့် ခုတင်များ လှူဒါန်းခဲ့သည်။

ဆက်လက်၍ ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းမှ ခွဲစိတ်လူနာ မျက်စိဝေဒနာရှင် ၂၁ ဦး၊ အထွေထွေရောဂါဝေဒနာရှင် ၉၁ ဦးတို့အား တောင်တွင်းကြီးဆေးရုံနှင့် မကွေးဆေးရုံကြီးတို့တွင် အခမဲ့ ဆက်လက်ကုသပေးကြောင်း သိရသည်။

(ကြေးမုံ)



လက်တွေ့အသုံးချတားရော့ဟောနည်း စာအုပ်ဖြန့်ချိ



ဆရာရန်အောင်ဟိန်းရေးသားသော လက်တွေ့အသုံးချ တားရော့ဟောနည်းစာအုပ် ထွက်ရှိလာပြီဖြစ်သည်။ ဤစာအုပ်တွင် တားရော့၏ လျှို့ဝှက်ဆန်းကြယ်မှုများဆီသို့ လွယ်ကူစွာလိုက်နာနိုင်ရန် ရုပ်ပုံများနှင့်တကွ လမ်းညွှန်ပြသထားသည်။ တစ်ခုချင်းစီ၏ အဓိပ္ပာယ်များကိုသာမက ယင်းတို့ကို ဖြန့်ကြက်ဟောကြားနိုင်စေရန် နည်းလမ်းများကိုပါ ထည့်သွင်းထားသည်။ ကတ်ပေါင်း ၇၈ ကတ်အား လွယ်လင့်တကူအသုံးပြုနိုင်ရန် ထည့်သွင်းထားသည်။ ယင်းစာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇) ပထမထပ် (၃၉)လမ်း ကျောက်တံတားမြို့နယ် ဖုန်း-၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃၊ ၀၉-၇၃၀၅၉၉၃၅ မှ ငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိလိုက်သည်။

အိမ်ထောင်ရေးကံကောင်းမှာလားနှင့် လက္ခဏာပညာစာအုပ်ထွက်ရှိ

ဆရာမဒေါက်တာဒဂုန်ခင်သဇင်ရေးသားသော ဤစာအုပ်တွင် အိမ်ထောင်ရေးကံကောင်းစေရန် မည်သို့စိတ်ထားရမည်၊ ဆောင်ရွက်ရမည်များကို လက္ခဏာပညာရှုထောင့်မှ ဖော်ပြထားသည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ပြုမည့် လူပျို၊ အပျိုများမှဖတ်ရှု၍ မိမိတို့အိမ်ထောင်ဘက်ကို မိမိတို့လိုရာပုံသွင်းယူနိုင်သည့်နည်းများကို ဖော်ပြထားသည်။ အိမ်ထောင်ပြိုကွဲမှုမရှိစေရန် မည်ကဲ့သို့စီမံရသည်များကိုလည်း ဖော်ပြထားသည်။ သမီးဇောတိက စာပေတိုက် B-2 အခန်း (၂၀၉) ဗညားဒလလမ်း ယုဇနအိမ်ရာ တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၀၄၃၈၆၀ မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိလိုက်သည်။

ခေါင်းဆောင်ကောင်းတို့၏ အရည်အချင်း

ဆရာတော်မွေ့ဒူတ ဒေါက်တာအရှင်ဆေကိန္ဒ ရေးသားသော ခေါင်းဆောင်ကောင်းတို့၏ အရည်အချင်းစာအုပ်ကို ပထမအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

စီးပွားရေး၊ နိုင်ငံရေးနယ်ပယ်များနှင့် ခေါင်းဆောင်မှုအခန်းကဏ္ဍတွင် ခေါင်းဆောင်ကောင်းဖြစ်လိုသူ လူငယ်များနှင့် လူကြီးများအတွက် လိုက်နာကျင့်ကြံအားထုတ်နိုင်ရန် ရေးသားထားသော စာအုပ်ဖြစ်သည်။ ခေါင်းဆောင်ကောင်းတို့၏ အရည်အချင်းကို ဗုဒ္ဓ၏အဆုံးအမ၊ လမ်းညွှန်ချက်ရှုထောင့်မှ ရေးသားထားခြင်းဖြစ်သည်။

အလင်းသစ်စာပေတိုက်-၆ အခန်း(၄၀၄)၊ ညောင်တန်းအိမ်ရာ ပုဇွန်တောင်မြို့နယ်မှ တန်ဖိုးငွေကျပ် ၁၂၀၀ ဖြင့် ဖြန့်ချိထားသည်။

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၁၅၅)ထုတ်ဝေဖြန့်ချိ



ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်သော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၅၅)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။မြင်းမူမောင်နိုင်မိုး၊ ဇော်မင်းမင်းဦး၊ စလင်းဘုန်းကျော်၊ ရန်နိုင်ဦး၊ ကောင်းညွန့်ဝေ (ရေစကြို)၊ ကျော့ဝင်း (မိုးညှင်း)၊ ဇော်မျိုးဟန် (ငသိုင်းချောင်း)၊ ခင်ဖုန်းကြည်(မိုင်းပွန်)၊ စိုးကိုကို (လေးမျက်နှာ)၊ မောင်နွေဝေး(သောင်ပြာကျွန်း) တို့၏ အဖွင့်ကဗျာများ။

ကြံ့နွာဆွေ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ သန်းဝင်းရှိန်၊ ပြေအေး(မြင်းမူ)၊ တက္ကသိုလ်သျှင်သီရိစသည့် အခြားကလောင်ရှင်များ၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ဗုဒ္ဓစာဥယျာဉ်၊ ကဗျာပန်းရုံရိပ်၊ ရသစာနု ခံစားမှု၊ တောဓလေ့စာပန်းချီ၊ ရသစာပန်းချီ၊ သတ်ပုံကဗျာ၊ ဓမ္မအလင်းကဗျာပန်းခင်း၊ ကာတွန်း၊ တိုင်းရင်းသားကဏ္ဍအစရှိသည့် ကဏ္ဍစုံဖြင့် သုတရသစုံလင်စွာစီစဉ်တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၁) အမှတ်(၅၂၉/၅၃၁) စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်းပညာရေးကောလိပ်နှင့် ရန်ကင်းကြေးအိုးဆိုင်ကြား သစ္စာလမ်းမကြီး ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၂၀၁၉၁၁ နှင့် အမြို့မြို့ အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။

ကချင်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားလူငယ်များအား အသိပညာ၊ နည်းပညာများ ကျွမ်းကျင်တတ်မြောက်စေရန် ထူထောင်ပေးထားသည့် ပညာရေးအခြေခံအဆောက်အအုံများ

နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)သည် ကချင်ပြည်နယ်၏ နည်းပညာဖွံ့ဖြိုးတိုးတက်မှုဂုဏ်ဒြပ်ကို တိုးမြှင့်ထင်ဟပ်ပေးလျက်ရှိသည်။ (အပေါ်ပုံ)

ကချင်ပြည်နယ်၏မြို့တော် မြစ်ကြီးနားမြို့တွင် တည်ဆောက်ပေးထားသော မြစ်ကြီးနားတက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသည်။ (အောက်ပုံ)

ဒေသခံတိုင်းရင်းသားလူငယ်များ နည်းပညာများ ကျွမ်းကျင်တတ်မြောက်ပြီး နိုင်ငံတော်နှင့် ပြည်နယ်အတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိသည့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်တွင် တည်ဆောက်ပေးထားသော ကွန်ပျူတာတက္ကသိုလ်ကို တွေ့ရစဉ်။ (အပေါ်ပုံ)

■ ■ ■ ■ ■ ■ ■ ■ ■

ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူငယ်များ မိမိတို့၏ ပြည်နယ်အတွင်းမှာပင် အိုးမကွာ အိမ်မကွာဖြင့် အသိပညာ၊ အတတ်ပညာများကို လက်လှမ်းတမီ သင်ကြားတတ်မြောက်စေရန် အတွက် ဗန်းမော်မြို့နယ်တွင် တည်ဆောက်ပေးထားသည့် ဗန်းမော်တက္ကသိုလ်ကြီးကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။ (ယာပုံ)

■ ■ ■ ■ ■ ■ ■ ■ ■

ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူငယ်များ မြို့မခြား၊ နယ်မခြားဘဲ နည်းပညာများကို တတ်မြောက်စေရန်အတွက် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် တည်ဆောက်ပေးထားသော အစိုးရနည်းပညာကောလိပ်(မိုးညှင်း)ကို တွေ့ရစဉ်။ (အောက်ပုံ)

သတင်းမှတ်စု - မောင်ပြုံးအေး

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် (၂၅)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းသိမ်းအောင်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၄

နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် (၂၅)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းသိမ်းအောင်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် စေတီတော်လိုဏ်တော်အတွင်း၌ ကျင်းပသည်။

တက်ရောက်ကြည့်ရှု

အခမ်းအနားသို့ စေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိသာရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နေပြည်တော်ကောင်စီဝင်များ ဖြစ်ကြသော ဦးမြင့်ရွှေ၊ ဦးမျိုးညွန့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ဆရာတော် ဘဒ္ဒန္တ ကဝိသာရထံမှ ငါးပါးသီလခံယူ ဆောက်တည်၍ ပရိတ်တရားတော်များ နာယူကြပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဗုဒ္ဓပူဇနီယပူဇော်ပွဲကို ကျင်းပလျက်ရှိရာ မတ် ၆ ရက် နံနက် ၉ နာရီခွဲတွင် သာသနာ့မဟာဗိမာန်တော်ကြီး၌ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲကို လည်းကောင်း၊ မတ် ၇ ရက် (တပေါင်းလပြည့်နေ့) နံနက် ၆ နာရီခွဲတွင် စေတီတော် လိုဏ်တော်အတွင်း၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးအမှူးပြုသော ဆရာတော် သံဃာတော် ၁၈၆ ပါးတို့အား ပင့်ဆောင်၍ ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ၊ ရွှေကြာသင်္ကန်းတော်များ ကပ်လှူခြင်းမင်္ဂလာ အခမ်းအနားကို လည်းကောင်း ကျင်းပပူဇော်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်(၂၅)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းသိမ်းအောင်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတထံ သံအမတ်ကြီး ဦးသက်ဦး ခန့်အပ်လွှာပေးအပ်

နေပြည်တော် မတ် ၅

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသက်ဦးသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် ဟနွိုင်းမြို့၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထရွှန်တန်စန်းထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

အကျိုးရှိစွာ ကုန်လွန်ကြ နွေရာသီကျောင်းပိတ်ရက်ကာလ

သူငယ်တန်းမှသည် နဝမတန်းအထိ လူငယ်များအတွက် အတန်းတင်စာမေးပွဲများ ဖြေဆိုပြီးဖြစ်၍ တစ်နှစ်လုံး ကျောင်းစာများဖြင့် လုံးလည်ပတ်ချာလိုက်နေရာမှ စိတ်အားလူအားဖြစ်သွားကြပေပြီ။

နွေရာသီကာလ သုံးလခန့်ကို အားလပ်ရက်ရှည်များအဖြစ် ကလေးများ ဖြတ်သန်းရပေတော့မည်။ နွေရာသီ အားလပ်ရက်ရှည်ကို အကျိုးရှိရှိ အသုံးပြုကြရန် ပြောလိုပါသည်။ နွေရာသီတွင် ရရှိသည့် မိမိအားလပ်ရက်များကို အကြောင်းအမျိုးမျိုးဖြင့် ကုန်ဆုံးကြမည်ဖြစ်သည်။ ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စာ(အရေး/အဖတ်/အပြော) သင်တန်း၊ ရေကူးသင်တန်း၊ ကားမောင်းသင်တန်း စသည့် ပညာသင်တန်းအမျိုးမျိုးနှင့် အချိန်ကုန်ဆုံးကြမည်ဖြစ်သလို တချို့က အဘိဓမ္မာသင်တန်းများတက်၍လည်း မိမိတို့၏ အားလပ်ရက်တချို့ကို အကျိုးရှိစွာ အသုံးချကြမည် ဖြစ်ပေသည်။ တချို့ဆိုလျှင် အပန်းဖြေခရီးထွက်ခြင်း၊ ဘုရားဖူးထွက်ခြင်းများလည်း ပြုလုပ်ကြပေလိမ့်မည်။ ဝေးဝေးလံလံ မသွားနိုင်သူများက ရပ်ကွက်အတွင်း ဖွင့်ထားသော Game ဆိုင်များတွင် Game ကစားခြင်း၊ Internet ဆိုင်များတွင် Internet ကြည့်ခြင်း၊ Internet ကြည့်သည်ဆိုရာတွင် ဗဟုသုတရှာမှီးသူများအဖို့ အလွန်တန်ဖိုးရှိသည့်အပြင် မြန်မာသာမက ကမ္ဘာမှ အသိများကို အချိန်နှင့်တစ်ပြေးညီ ရရှိနိုင်သဖြင့် လုံးဝမကြည့်ရဟု မဆိုလိုပါ။ Chatting ထိုင်၍ မိန်းကလေးသူငယ်ချင်းများ၊ ယောကျ်ားလေးသူငယ်ချင်းများအချင်းချင်း အပြန်အလှန် စကားပြောခြင်း၊ မိတ်ဆွေဖွဲ့ခြင်းများနှင့်လည်း အချိန်ကုန်ဆုံးကြမည်ဆိုလျှင်တော့ အချိန်များ အလွန်နှမြောစရာဖြစ်မည်။

မည်သို့ပင်အချိန်ကုန်သည်ဖြစ်စေ မိမိအတွက် အကျိုးရှိသော အချိန်ကုန်ခြင်းမျိုးဖြင့် အချိန်ကုန်ကြရန် လိုပါသည်။ အကျိုးရှိသည်ဆိုခြင်းမှာ မိမိနှင့် မိမိပတ်ဝန်းကျင်တစ်ခုခုအတွက် အကျိုးရှိစွာ အချိန်ကုန်စေပါက ပို၍သင့်လျော်ပေသည်။

ဆိုလိုသည်မှာ လူငယ်များအားလပ်ရက်ရှည်တွင် စာများများဖတ်စေချင်ပါသည်။ စာများများဖတ်ခြင်းဖြင့် ပတ်ဝန်းကျင်ဗဟုသုတများ တိုးပွားစေရုံမျှမက မိမိနိုင်ငံနှင့် ကမ္ဘာကြီးတစ်ခုလုံး၏ ဖြစ်ပျက်ပြောင်းလဲနေမှုများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ပေသည်။ မိမိတို့ မြန်မာလူမျိုးတွင် အလိမ္မာစာမှာရှိ၊ နှုတ်တစ်ရာစာတစ်လုံး၊ ပညာရွှေအိုးလုမခိုး၊ ပညာရဲရင့်ပွဲလယ်တင့်၊ ပညာရှာပမာ သူဖုန်းစား စသည့် စကားပုံများဖြင့် ပညာ၏တန်ဖိုးကို ဖော်ပြထားသည်။

ယနေ့ မိမိတို့နိုင်ငံမှ လူငယ်တော်တော်များများသည် စားဖတ်အားနည်းသည်ဟုမြင်မိသည်။ စာအုပ်တစ်အုပ် ဖတ်ရန် ကုန်မည့်အချိန်ကို အခွေများကြည့်ကြသည်။ သီချင်းများနားထောင်ကြသည်။ ယနေ့ နိုင်ငံတော်မှ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်အသီးသီးတွင် စာကြည့်တိုက်များဖွင့်၍ သုတ၊ ရသ စာအုပ်မျိုးစုံကို ဖြည့်ဆည်းထားရှိပေးထားသည်။ ၎င်းစာကြည့်တိုက်များတွင် စာဖတ်ခြင်းဖြင့် အချိန်ကုန်စေခြင်းငှာ မိမိတို့၏ အသိဉာဏ်ဗဟုသုတကို ကြွယ်ဝစေမည်ဖြစ်ပါသည်။

မယ်ရွေးပွဲတစ်ခုတွင် ဆရာဝန်လောင်း မယ်တစ်ယောက်က ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီးအမည်နှင့် မည်သို့ အသက်မွေးခဲ့သည်ကို ကောင်းကောင်း မသိကြောင်း ဖတ်လိုက်ရသဖြင့် စာဖတ်အား အတော်ပင်နည်းခဲ့ကြောင်း သိလိုက်ရသည့်အတွက် တော်တော်စိတ်မကောင်းဖြစ်မိသည်။ လူငယ်များ ဒီမေးခွန်းကိုပင် ကောင်းစွာ မဖြေနိုင်ခဲ့လျှင် အခြားဗဟုသုတများ အတော်ပင် နည်းနေနိုင်ကြောင်း သုံးသပ်မိသည်။ ဆရာဝန်လောင်းဖြစ်၍ ဆေးစာများကိုသာဖိ၍ ကျက်မှတ်နေသည်ဟု ထင်ပါသည်။ မဖတ်နှင့်ဟုမဆိုလိုပါ။ လူငယ်များသည် မိမိတို့ဘဝအတွက် ပညာအသိသာမက သညာအသိများပါရှိရန် လိုအပ်ပါသဖြင့် စာများများဖတ်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

(မေနိုင်-စာနယ်ဇင်း)

မန္တလေးမြို့ရှိ ပုဂ္ဂလိကဘဏ်များ နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာများဖွင့်

မန္တလေး မတ် ၄

မန္တလေးမြို့အတွင်း ဝင်ရောက်လာသော နိုင်ငံခြားခရီးသွားဧည့်သည်များ ငွေလဲလှယ်ရာတွင် အဆင်ပြေစေရေးအတွက် လည်းကောင်း၊ ပြည်ပသို့ သွားရောက်မည့် နိုင်ငံသားများ လိုအပ်သည့် နိုင်ငံခြားငွေများ တရားဝင် ဝယ်ယူနိုင်ရန်အတွက် လည်းကောင်း၊ နိုင်ငံခြားငွေဈေးကွက် စနစ်တကျ အကျိုးတူဆောင်ရွက်နိုင်ရန် လည်းကောင်း၊ တရားမဝင်နိုင်ငံခြားငွေ ရောင်းဝယ်မှုများ ပပျောက်စေရန်နှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းများ တည်ငြိမ်စေရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က မန္တလေးမြို့ရှိ ပုဂ္ဂလိကဘဏ်များသို့ နိုင်ငံခြားငွေဝယ်ယူရောင်းချခွင့်လိုင်စင်များအား ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်ပေးခဲ့ရာ မြဝတီဘဏ်၊ အင်းဝဘဏ်၊ ကမ္ဘောဇဘဏ်၊ သမဝါယမဘဏ်၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်များ၌ အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ၊ နိုင်ငံခြားငွေလက်မှတ် FEC များကို မြန်မာကျပ်ငွေဖြင့် လဲလှယ်ရောင်းဝယ်လျက်ရှိပြီးဖြစ်သည်။ နေ့စဉ် ငွေလဲနှုန်းဖြင့် ရောင်းဝယ်ကြရာတွင် ငွေစက္ကူများ အနည်းငယ် တွန့်ကြေခြင်း၊ မင်စွန်းရာပါခြင်း၊ ဟောင်းနွမ်းခြင်းများကို လဲလှယ်မပေးခြင်း၊ ဒေါ်လာ ၂၀၀ ဝန်းကျင်သာ ရောင်းပေးခြင်း စသည့် အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

ဖေဖော်ဝါရီ ၂၂ ရက်က ဒေါ်နီနီ (၂)နှစ်ပြည့်အား ရည်စူး၍ သာကေတမြို့နယ် ရတနာအိမ်ရာနေ ရဲမှူးချုပ်တင်ဝင်း(ငြိမ်း) မိသားစုက စမ်းချောင်းမြို့နယ် ရွှေတောင်တိုက်သစ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ စာရေးစားပွဲနှင့် ထိုင်ခုံများအတွက် စုစုပေါင်းအလှူငွေကျပ်သိန်း ၂၀ အား ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးတင်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

တရားမဝင်အခွေများ ရေတာရှည်မြို့နယ်၌ ဖမ်းဆီး

ရေတာရှည် မတ် ၄

ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ရေတာရှည်မြို့နယ် သာဂရမြို့၌ လိုင်စင်မဲ့၊ ဆင်ဆာမဲ့ VCD၊ DVD အခွေများ ဖမ်းဆီးရမိခဲ့သည်။

သာဂရမြို့ ဈေးရှေ့ သရက်ကုန်းရပ်ကွက်တွင် လိုင်စင်မဲ့၊ ဆင်ဆာမဲ့ VCD၊ DVD အခွေများရောင်းချနေကြောင်း သတင်းအရ ပဲခူးတိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌ ဦးတင်စိုး ဦးစီးသည့်အဖွဲ့သည် မြို့နယ် ဗီဒီယိုအခြေခံအဖွဲ့၊ သာဂရရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သန်းဇော်မင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ အသိသက်သေတို့ ပါဝင်သည့်အဖွဲ့သည် ဈေးရှေ့ရှိ ဆန်းဝင်း(၂၉)နှစ် (ဘ) ဦးဝင်းမောင်(ဈေးရောင်း)၏ ဆိုင်ကို ရှာဖွေခဲ့ရာ VCD ခွေ ၁၅၀၊ DVD သီချင်းခွေ ၃၃၉ ခွေ၊ နိုင်ငံခြားဇာတ်လမ်းခွေ DVD ၃၂၅ ခွေ၊ တရားခွေ DVD ၂၉ ခွေ၊ အခြား DVD နှစ်ခွေနှင့် ဆက်စပ်ပစ္စည်းများကို ရှာဖွေတွေ့ရှိခဲ့၍ အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ (၅၇၈)

မော်လမြိုင်အသင်း(ရန်ကုန်)နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် မတ် ၄

မော်လမြိုင်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် အောက်ပစ္စယာ အုတ်လမ်း မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ မတ် ၂၅ ရက် နောက်ဆုံးထား၍ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးစိုး ဖုန်း-၅၃၇၂၈၈၊ အတွင်းရေးမှူး ဦးမောင်မောင်ဝင်း ဖုန်း-၃၈၅၉၅၆၊ ဘဏ္ဍာရေးမှူး ဦးကျော်မင်း ဖုန်း-၂၉၃၆၈၃၊ ဒေါက်တာကျော်တင့် ဖုန်း - ၀၉-၅၁၉၀၅၂၄ နှင့် မော်လမြိုင်ဓမ္မာရုံ ဖုန်း-၃၇၅၇၂၃ တို့သို့ ပေးပို့နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဖတ်စရာ မှတ်စရာ

အစာလည်းဆေး ဆေးလည်းအစာ

သတင်းစာ၊ ဂျာနယ်များကို ဖတ်လိုက်တိုင်း ထူးသော်လည်း မဆန်းသော အစားအစာများတွင် "ဆေးဆိုးပန်းရိုက်" လုပ်နေကြသော သတင်းများကို အမြဲလိုလို တွေ့နေရသည်။

လက်ဖက်အပါအဝင် ငရုတ်သီးမှုန့်၊ နနွင်းမှုန့်၊ ပဲ၊ ငါးပိ စသည်များတွင် ကင်ဆာရောဂါဖြစ်စေသော အရောင်တင်ဆိုးဆေးများ ရောနှောခြင်း၊ သရက်သီး၊ ငှက်ပျောသီး၊ သင်္ဘောသီး စသည့် အသီးမျိုးစုံကို ဓာတုဆေးနှင့် ရင့်မှည့်စေခြင်းများ ပြုလုပ်လာကြသည်။ ဤသို့ဖြင့် "အသီးမှာ သရက်၊ အရွက်မှာ လက်ဖက်" မြန်မာ့အစားစာကောင်းများ အဆိပ်သင့်လာရသည်။

အပင်၊ အသီးကြီးထွားလိုမှု၊ ရောဂါပိုးမွှား ကင်းစင်လိုမှုကြောင့် ဓာတုဆေးများသုံးစွဲကြသည်။ နည်းစနစ်မမှန်ကန်မှုကြောင့် အစာအဆိပ်ဖြစ်လာရသည်။ မြေအရည်အသွေး နိမ့်ကျလာရသည်။

ရေလုပ်ငန်းရှင်အချို့သည် ယင်သေဆေးရည်စိမ်ပြီး နေလှန်းသော ငါးခြောက်များကို ထုတ်လုပ်လာကြသည်။ ပဲဆီနှင့် စားအုန်းဆီ၊ စားအုန်းဆီနှင့် အန့်ပေါ့ဆပ်ပြာမှုန့်၊ စားအုန်းဆီနှင့် ပင်လယ်ရေ စသဖြင့် နှစ်ပင်လိမ် အရောအနှောများကို ပြုလုပ်လာကြသည်။ ဤသို့ဖြင့် "ငါးခြောက် ဆီဆမ်း" မြန်မာ့အာဟာရ ဖျက်ဆီးခံလိုက်ရသည်။

ရေနှင့်ပတ်သက်၍လည်း ရေမသန့်သော ရေသန့်အမျိုးပေါင်း ၃၀ ကျော်ကို ပိတ်ပင်ခဲ့ရကြောင်း ဖတ်လိုက်ရသည်။ "ရေအသက် တစ်မနက်"၊ "ရေအကျိုး(၁၀)ပါး" လူကြီးမိဘစကားများ မေ့ထားခံနေရပြီ။

ရိုးရာအစားအစာတစ်မျိုးဖြစ်သည့် "ကွမ်း"ကို နူးညံ့စေရန် "ဖျူဒရန်"ခေါ် ဓာတုပိုးသတ်ဆေးကို သုံးလာသည်။ ကန့်ရေနှင့်စိမ်ပြီး ဓာတုချွတ်ဆေးနှင့် အရောင်တင်သော ကွမ်းသီးများ ထုတ်လုပ်ရောင်းချလာကြသည်။ နိုင်ငံတိုင်းတွင် ကိုယ်ပိုင်မူပုံ ရိုးရာအစားအစာများ သတ်သတ်မှတ်မှတ် ရှိကြသည်။ "ဆူရှီ"ဆိုလျှင် ဂျပန်၊ "ဂင်ချီ" က ကိုရီးယား၊ ဘင်္ဂလားဒေ့ရှ်မှာ ပင်လယ်ငါးသလောက် စသဖြင့် နိုင်ငံနှင့် အစားအစာတွဲလျက် သင်္ကေတပြု သိနိုင်သည်။ ကျွန်ုပ်တို့နိုင်ငံတွင်လည်း "လက်ဖက်နှင့်ကွမ်း၊ ရေနွေးကြမ်း" သည် အိမ်ဦးခန်းတွင် နေရာယူထားသော သာရေး၊ နာရေး၊ လူမှုရေးမကျန် မပါမပြီးသော ရိုးရာအစားအစာတစ်မျိုး ဖြစ်သည်။ ဆီ၊ ငါးပိ၊ နနွင်းမှုန့်၊ ငရုတ်သီးမှုန့်များသည်လည်း ပင်တိုင်အစားအစာများဖြစ်ရာ နေ့တိုင်းအစာအဆိပ်မိသလို ခံစားလာနေရသည်။

မောရိယအရှင်သခင်စန္ဒဂုတ်မင်းကြီး၊ အင်္ဂလန်ပြည့်ရှင် ဝိတိုရိယဘုရင်မကြီးတို့သည် နေ့တိုင်း'စိန်'အဆိပ်ကို စားသည့် အလေ့အကျင့် လုပ်ထားကြ၍ "အဆိပ်ပြီး" နေသူများဖြစ်ကြောင်း ဖတ်မှတ်ဖူးသည်။ ကျွန်ုပ်တို့ နေ့စဉ်စားသုံးနေကျ အစားအစာများမှာ "အဆိပ်ပြီး"မည့် လက္ခဏာမရှိပါ။ ကြာလေဆိုးလေ အသက်အန္တရာယ်နှင့် နီးလေသာရှိချိမ့်မည်။ "အစာလည်းဆေး ဆေးလည်းအစာ" မိဘဘိုးဘွားဆိုရိုးစကားသည် ယခုအခါ "အစာလည်းအဆိပ် အဆိပ်လည်းအစာ" ဖြစ်လာနေရရှာပြီ။ စားသမျှ သံသယပွားလာနေရသည်။ နောက်ထပ် ကျွန်ုပ်တို့ မသိနိုင်စွမ်းသော အဆိပ်သင့်အာဟာရများ မည်ရွေ့မည်မျှ ရှိနေဦးမည်နည်း။

"မလျှုတတ်ရင် ဈေးရောင်း"ဆိုသော ချစ်စရာ့မြန်မာ့ဓလေ့ဆိုရိုးစကားရှိပါသည်။ ဈေးရောင်းခြင်းသည် "စေတနာ" ကို အရင်းခံရသည်ဖြစ်၍ ယူတတ်လျှင် "ကုသိုလ်လည်းရ ဝမ်းလည်းဝ"သည့် နှစ်ဖက်လှ သမာအာဇီဝအလုပ်ဖြစ်သည်။ "စေတနာ"ကို "ကံ" ဟူ၍ ရှင်တော်ဘုရားဟောကြားခဲ့သလို မိမိ၏ ကောင်းဆိုးနှစ်တန် လုပ်ဆောင်မှု "ကံ" သည် နယူတန်၏ နိယာမအတိုင်း "တူညီသော တန်ပြန်သက်ရောက်မှုကို ဖြစ်စေမည်" မှာ မြေကြီးလက်ခတ်မလွဲပါ။

မြန်မာမှုနယ်ပယ်မှာ လူ့အသိ၊ လူပီသမှုကို တိုင်းတာသည့် လိုရင်းတိုရှင်း ဆိုရိုးစကားရှိသည်။ "လူလိုသိပါ ကိုယ်ချင်းစာ" ဟူ၍ ဖြစ်သည်။ အစားအစာ ထုတ်လုပ်သူတချို့ ကိုယ်ချင်းစာတတ်ကြပါစေ။ အိမ်နီးချင်းနိုင်ငံတစ်ခုတွင် အစာအဆိပ်သင့်စေသည့် ပြစ်မှုကို သေဒဏ်ထိကျခံစေသည်။ သတိမူကြစေလိုသည်။ ရခဲပေစွ လူ့ဘဝခဏတာမှာ "အသက်(၃၀)တွင် သေဆုံးပြီး အသက်(၆၀)မှ သင်္ချိုင်းကုန်းသို့ ရောက်သည်" စကားပုံမျိုးကဲ့သို့ ရှင်လျက်နှင့် ဘဝသေနေသူများ မဖြစ်စကောင်းပါ။ "အစာလည်းဆေး ဆေးလည်းအစာ" မှန်ကန်ကောင်းမွန်သော အစားအစာများကို နဂိုမူလ သဘာဝအတိုင်း ထုတ်လုပ်ကုသိုလ်ယူရင်း လောကကို အလှဆင်နိုင်ကြပါစေ။

အောင်ကျော်ညို(ဆင်ချဆိပ်)

ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံ၌ လှည့်လည်ကြည့်ရှုလေ့လာပြီး ပြန်လည်ထွက်ခွာ

နေပြည်တော် မတ် ၄

ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Itthaporn Subhawong သည် မတ် ၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကို သွားရောက်ကြည့်ရှုလေ့လာသည်။ မွန်းလွဲပိုင်းတွင် ပုဂံမြို့သို့ ရောက်ရှိပြီး တန်ခိုးကြီးဘုရားများအား ဖူးမြော်ကြည်ညို၍ ပုဂံရှေးဟောင်းယဉ်ကျေးမှုပြတိုက်ကို ကြည့်ရှုလေ့လာသည်။

ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မတ် ၃ ရက် နံနက်ပိုင်းတွင် ပုပ္ပားတောင်နှင့် ဦးဘငြိမ်း ယွန်းထည်လုပ်ငန်းတို့ကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲအောင်၊ မကွေးလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးနှင့် တာဝန်ရှိသူများက ညောင်ဦးလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထိုင်း ဘု ရင့် လေတပ်ဦးစီးချုပ် Air Chief Marshal Itthaporn Subhawong နှင့်အဖွဲ့အား တာဝန်ရှိသူများက ညောင်ဦးလေ ဆိပ် ၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

အနုပညာအထက်တန်းကျောင်း (မန္တလေး) သင်တန်းဆင်းပွဲတွင် ဇာတ်တော်ကြီးတင်ဆက်ကပြ

မန္တလေး မတ် ၄

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန လေ့ကျင့်ရေးသုတေသနနှင့် ပြည်ပဆက်ဆံရေးဌာနခွဲ အနုပညာအထက်တန်းကျောင်း(မန္တလေး)၏ ပန်တျာနှင့် ပန်းချီပန်းပုသင်တန်းဆင်း အောင်လက်မှတ်ပေးအပ်ပွဲ၊ ပန်းချီပန်းပုသင်တန်းဆင်းလက်ရာမွန်ပြပွဲ၊ ပန်တျာသင်တန်းဆင်းအကပဒေသာနှင့် ဇာတ်တော်ကြီး တင်ဆက်ကပြပွဲအခမ်းအနားကို မတ် ၃ ရက် နံနက် ၉ နာရီခွဲတွင် အမျိုးသားဇာတ်ရုံ(မန္တလေး)၌ ကျင်းပသည်။

ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) တာဝန်ခံ ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာက သင်တန်းဆင်းအမှာစကားပြောကြားပြီး ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပန်တျာနှင့် ပန်းချီပန်းပုသင်တန်းသားသင်တန်းသူ ၁၆ ဦးတို့အား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။**(ဓါတ်ပုံ)**

ထို့နောက် ထူးချွန်ကျောင်းသားများ၊ ပန်းချီထူးချွန်ဆုရရှိသူများနှင့် စာပေထူးချွန်ဆုရရှိသူများအား လေ့ကျင့်ရေး၊ သုတေသနနှင့် ပြည်ပဆက်ဆံရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းထွန်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားအပြီးတွင် ပါမောက္ခချုပ်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ခင်းကျင်းပြသထားသည့် ပန်းချီပန်းပုကျောင်းဆင်းလက်ရာမွန်များနှင့် အနုပညာဦးစီးဌာန ပန်တျာကျောင်းဆင်းများ၏ အကပဒေသာနှင့် လှည်းသားငါးရာတေးဂီတဇာတ်တော် ဖျော်ဖြေတင်ဆက်မှုတို့ကို ကြည့်ရှုအားပေးခဲ့ကြသည်။

တင်မောင်(မန္တလေးကိုယ်ပွား)

✱ ပေကျင်းမှ

ဒါရိုက်တာ မာတင်စကော်စီဆီ၏ Hogo ဇာတ်ကားနှင့် ဒါရိုက်တာ ဝုဒ်ဒီအလန်၏ Midnight in Paris ဇာတ်ကားတို့သည်လည်း နိုင်ငံတော် ရေဒီယို၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားစိစစ်အကဲဖြတ်ရေးမှ ရုပ်ရှင်ဗျူရိုအဖွဲ့၏ ဆင်ဆာစစ်ဆေးရေးလုပ်ငန်းများကို စိစစ်ခံယူလျက်ရှိပြီး ဆင်ဆာခွင့်ပြုချက်ရရှိပါက ယင်းဇာတ်ကားများသည်လည်း ပေကျင်းနိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ပါဝင်ပြသမည်ဖြစ်သည်။ ***အင်တာနက်။***

○ ရှေ့ဖုံးမှ

များတွင် အရေပြားရောဂါဖြစ်ပွားမှုအန္တရာယ်ခုခံမှုစွမ်းရည် ပိုမိုထက်မြက်ဖွယ်ရှိကြောင်း၊ အကြောင်းမှာ အမျိုးသားများသည် အမျိုးသမီးများထက် ခရမ်းလွန်ရောင်ခြည်ကြောင့် အရေပြားထိခိုက်မှုအား ခုခံနိုင်စွမ်းလျော့နည်းနိုင်၍ ဖြစ်ကြောင်း အော့ကလန်မြို့ Kaiser Permanente သိပ္ပံသုတေသနဌာနမှ ဒေါက်တာ မာယမ်အစ်ဂါရီက ပြောကြားသည်။ သဘာဝအားဖြင့် အမများသည် အဖိုများထက် အရေပြားအဆိပ်သင့်ရင့်ရော်မှု ခုခံနိုင်စွမ်းပိုများသည်ဟု ကောက်ချက်ချယူဆထားသည့် ယခင်တိရစ္ဆာန် တစ်မျိုးအပေါ် လေ့လာချက်တစ်ခုကို ထောက်ပြပြီး ဒေါက်တာအစ်ဂါရီက ပြောကြားခဲ့ခြင်းဖြစ်သည်။

လေ့လာချက်အသစ်အရ ဗီတာမင်အေအချိန်အဆ ခပ်များများသောက်သုံးသူများတွင် အရေပြားကင်ဆာ ရောဂါဖြစ်ပွားမှုအန္တရာယ် အများဆုံးလျော့နည်းသည်ဟု သိရှိရသည်။ သို့သော် ဗီတာမင်အေ အလွန်အကျွံ စားသုံးပါက မီးဖွားမှုအခက်အခဲများ၊ အသည်းရောဂါများနှင့် အရိုးပျော့ခြင်းစသည့် အန္တရာယ်များသော ပြဿနာများဖြစ်ပေါ်စေနိုင်သည်ဟု ဒေါက်တာအစ်ဂါရီက သတိပေးသည်။

လူတစ်ဦးအနေဖြင့် နေ့စဉ် ဗီတာမင်အေအတိုင်းအဆ မည်မျှသောက်သုံးနိုင်သည်ဟူသော ကန့်သတ်မှုများရှိသည်ဟု ဒေါက်တာအစ်ဂါရီက ပြောကြားသည်။ အရွယ်ရောက်သူ အမျိုးသမီးများသည် နေ့စဉ် ဗီတာမင်အေ ၇၀၀ မိုက်ခရိုဂရမ် သောက်သုံးသင့်ပြီး အရွယ်ရောက်အမျိုးသားများသည် မိုက်ခရိုဂရမ် ၉၀၀ သောက်သုံးသင့်သည်ဟု အမျိုးသားကျန်းမာရေးအင်စတီကျူများ၏ ဖော်ပြချက်အရ သိရှိရသည်။ အရွယ်ရောက်ပြီးသူများသည် တစ်နေ့လျှင် ဗီတာမင်အေ မိုက်ခရိုဂရမ် ၂၈၀၀ ကျော်စားသုံးပါက အဆိပ်သင့်စေနိုင်သည်ဟု ဆိုသည်။

ဗီတာမင်အေ အချိန်အဆမည်မျှစားသုံးပါက အကျိုးရှိမည်ကို ရေရေရာရာ မသိရှိကြောင်း၊ မိမိတို့အနေဖြင့် စားသုံးသင့်သည့်အတိုင်းအဆကိုလည်း မသိရှိရသေးကြောင်း၊ အရေပြားကင်ဆာရောဂါကာကွယ်ရေးအတွက် ဗီတာမင်အေအတိုင်းအဆမည်မျှသောက်သုံးပါက အကျိုးဖြစ်ထွန်းမည်ကို ဆက်လက်လေ့လာရဦးမည်ဖြစ်ကြောင်း ဒေါက်တာအစ်ဂါရီက ဆက်လက်ပြောကြားသည်။

☆ ကျောဖုံးမှ

ရိတ်သိမ်းရန် အောင်မြင်ရင့်မှည့်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားရှိသော သက်တမ်း ၆၂ ရက်သားရှိ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ခင်း ဧက ၃၀၀နှင့် စပ်မျိုးစပါး ဧက ၂၀၀ စိုက်ကွင်းများကို လည်းကောင်း၊ စိုက်ကွင်းအနီး စိုက်ပျိုးရေးပညာရှင်များနှင့် လုပ်သားများစားသုံးရန် စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်စိုက်ခင်းကို လည်းကောင်း ကြည့်ရှုကြသည်။

ထို့နောက် မျိုးစေ့ထုတ်လုပ်ငန်းနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းမှာကြားရာတွင် ဤဒဂုံမြို့သစ်ရှိ မျိုးစေ့ထုတ်စိုက်ကွင်းများသည် နိုင်ငံနှင့်အဝှမ်း တောင်သူလယ်သမားများအတွက် ဝင်ငွေနှစ်ဆ တိုးတက်စေရန် အရည်အသွေးနှင့် ဈေးကွက်ခိုင်မာသော ပုလဲသွယ်စပ်မျိုးစပါး မျိုးကောင်း၊ မျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ရည်မှန်းချက်ကြီးစွာဖြင့် ပြည်တွင်းပညာရှင်များ ကြိုးကြပ်၍ အကောင်အထည်ဖော်နေသော ရှေ့ပြေးစီမံကိန်းတစ်ရပ်ဖြစ်ကြောင်း။

ဤစိုက်ကွင်းမှ ထွက်ရှိသည့် ပုလဲသွယ်စပ်မျိုးစပါး F-1 များကို တောင်သူလယ်သမားများယုံကြည်မှု အပြည့်အဝဖြင့် စိုက်ပျိုးအသုံးပြုနိုင်ရေးနှင့် အရည်အသွေး (Quality) ကို ရာနှုန်းပြည့် စိတ်ချရအောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထွက်ရှိလာသော မျိုးစေ့များကို တောင်သူများ ဈေးနှုန်းသက်သာစွာဖြင့် လာမည့်မိုးစပါး စိုက်ပျိုးရာသီအမီ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မျိုးကောင်းမှ ဈေးကောင်းရမည်၊ မျိုးမှန်မှ အဖိုးတန်မည် ဆိုသည့်အတိုင်း တောင်သူလယ်သမားများ၏ ဝင်ငွေ ခိုင်ခိုင်မာမာ တိုးတက်စေရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ပေးခြင်းကို Green Asia ကုမ္ပဏီနှင့် Sun Moon Star ကုမ္ပဏီတို့က နီးကြားစွာ ပူးပေါင်းဆောင်ရွက်နေမှုများနှင့် တရုတ်-မြန်မာ စိုက်ပျိုးရေးပညာရှင်များ စည်းလုံးညီညွတ်ချစ်ခင်စွာဖြင့် စိုက်ပျိုးရေးနည်းပညာများ ပူးပေါင်းညှိနှိုင်းလုပ်ဆောင်နေမှုများအပေါ် ဝမ်းမြောက်စွာ ကျေးဇူးတင်ရှိပါကြောင်း။

ယခု စိုက်ကွင်းများမှ ထုတ်လုပ်သည့် ပုလဲသွယ်စပ်မျိုးစပါး F-1 မျိုးစေ့များသည် လာမည့်မိုးစပါး စိုက်ဧက ၅၀၀၀၀ ကျော် စိုက်ပျိုးနိုင်ရန် ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည့်အတွက် အတိုင်းအတာတစ်ခုအထိ တောင်သူလယ်သမားများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း။

ဆက်လက်၍ တစ်ဆင့်ပြီးတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တောင်သူလယ်သမားများအတွက် ရှေ့ပြေးမျိုးစေ့ထုတ် စိုက်ကွင်းကြီးအဖြစ် လုပ်ငန်းရှင်များ၊ ပညာရှင်များ၊ တောင်သူလယ်သမားများ၏ ပူးပေါင်းဆောင်ရွက်မှုမြင်ကွင်းမှာ ယနေ့ခေတ်စား ပြောဆိုနေကြသည့် "P.P.P" "Private-Public- Partner" ၏ အခန်းကဏ္ဍအား လက်တွေ့ပြသအကောင်အထည်ဖော်နိုင်ခြင်းပင်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး ပျံ့နှံ့အကောင်အထည်ဖော်နိုင်ရေးအတွက် တက်ညီလက်ညီဖြင့် ပန်းတိုင်ရောက်သည်အထိ ဆက်လက်လျှော်ခတ်ကြိုးစားကြရမည်ဖြစ်ကြောင်းဖြင့် အသေးစိတ်ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၅-၃-၂၀၁၂ (တနင်္လာနေ့)

- ၅း၄၀ "ဝိညာဉ်ပေါ်၌ သဿတဒိဋ္ဌိဖြစ်ပုံ ဖြုတ်ပုံ" တရားတော် [အရှင်ပညာဓမ္မာဘိဝံသ (ညောင်ကန်ဆရာတော်)]
- ၈း၅၀ သီတဂူရွှေပြည်ဟိန်းစက္ခုဒါန ဆေးရုံတော်နှစ်ပတ်လည် ဂုဏ်ပြုပွဲအခမ်းအနား
- ၉း၃၀ "ပီတိလှိုင်းခတ်နေ့ထူးမြတ်" အထက(ဂုံညင်းတန်း)၏ မြတ်ဆရာပူဇော်ပွဲ
- ၉း၄၀ ချိုမြိန်ထူးကဲသော. . . အရသာတို့နှင့်အတူ. . .
- ၉း၅၅ ပညာတန်ဆောင်စာပေဆုနှင်းပွဲ အခမ်းအနား
- ၁၀း၁၅ ဆုတောင်းပြည့်ကိုးနဝင်း (နောင်တော်ကြီးစေတီတော်)နှင့် ရန်ပြေဆုတောင်းပြည့် စေတီတော် ထီးတော်တင်လှူပူဇော်ပွဲ
- ၁၀း၃၀ Activities In The City [UNITED PLAZA LOGO ပြိုင်ပွဲဆုပေးပွဲ အခမ်းအနား]
- ၁၂း၂၀ ဘဝထဲကကဗျာ ကဗျာထဲကဘဝ (ဟဲဟိုးလေဆိပ်)
- ၁၂း၃၅ Myanmar Cooking Master (ပွဲစဉ်-၁)
- ၃း၅၀ MNL MYANMAR 2012 (Mawyawadi Vs Hantharwady (LIVE)
- ၆း၀၀ **MRTV-4 သတင်း**
- ၆း၁၅ Sunday Talk (စံဇာဏီဘို၊ မျိုးမြတ်သူ)
- ၆း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၁၂)**
- ၇း၃၀ ClebrityChoice (Bunny Phyo)(အပိုင်း-၁)
- ၈း၀၀ **MRTV-4 သတင်း**
- ၈း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၈း၅၀ The Shop Around The Coner (Part-35)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၈၉)**
- ၁၀း၂၀ ဗီဒီယိုပြခန်း
- ၁၀း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်မေတ္တာဖြင့်လှစေသူ" (အပိုင်း-၄)**
- ၁၁း၂၀ အနုပညာမိုးကောင်းကင်
- ၁၁း၄၀ ရွှေနန်းဆန်ဆန်၊ ပုဂံဟန်ပန် Aureum Palace အသွင်သဏ္ဌာန်

တောင်သူများအား စိုက်ပျိုးစရိတ် ထုတ်ချေး

စစ်ကိုင်း မတ် ၄

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းရေး ကျေးလက်ပြည်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်(၈) ရပ်တွင် သမဝါယမလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင် ပါဝင်နေသည့်အတွက် စစ်ကိုင်းမြို့နယ် သမဝါယမဦးစီးဌာနမှ လယ်ယာကုန်ထုတ်လုပ်ငန်း ဆောင်ရွက်နေသည့် တောင်သူလယ်သမားများအား

စိုက်ပျိုးစရိတ်ထုတ်ချေးခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ် ကိုင်းပြင်ကျေးရွာ၊ ပန်းချီကျေးရွာ၊ ကျောက်ဆည်ကျေးရွာ၊ ဆင်တပ်ကျေးရွာ၊ တလိုင်းကျွန်းကျေးရွာ၊ ဇီးချောင်းကျေးရွာ၊ ကျောင်းဖြူကျေးရွာ၊ ဆင်တပ်ရွာတို့မှ စုစုပေါင်း အသင်းသား တောင်သူ ၁၀၈၄ ဦး စိုက်ဧကပေါင်း ၂၆၄၅ အတွက် ချေးငွေပေါင်း ၆၈၀၂၉၀၀၀ ကို မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးမြင့်လေး၊ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးညွန့်မောင်နှင့် အဖွဲ့ဝင်များမှ ကျေးရွာအရောက် ကွင်းဆင်းထုတ်ချေးခဲ့သည်။**(ဓါတ်ပုံ)**

စိုက်ပျိုးစရိတ် ချေးငွေကာလမှာ ခြောက်လတစ်ကြိမ်ဖြင့် တစ်နှစ် နှစ်ကြိမ်ထုတ်ချေးပြီး အသင်းမှ ငွေကျပ် ၁၀၀ ပေါ်တွင် တစ်လ ၂ ဒသမ ၅ ရာခိုင်နှုန်း ရယူပြီး အသင်းသားများ၏ စုဆောင်းငွေအပေါ် ငွေကျပ် ၁၀၀ ကော်မရှင် ၁ ဒသမ ၅ ရာခိုင်နှုန်း ပြန်လည်ပေးအပ်သည်ဟု သိရသည်။ (၂၂၅)

2012 Hassanal Bolkiah Trophy ပြိုင်ပွဲ မြန်မာယူ-၂၁ အသင်း ဆီမီးဖိုင်နယ်တက်

မြန်မာယူ-၂၁ အသင်းသည် အုပ်စု (က) နောက်ဆုံးပွဲစဉ်အဖြစ် စင်ကာပူလူငယ်အသင်းနှင့် ယနေ့မြန်မာစံတော်ချိန် ညနေ ၆နာရီ ၄၅မိနစ်က ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ Track and Field Sports Complex ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေကျခဲ့ပြီး အုပ်စုပထမနေရာမှ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားခဲ့သည်။ မြန်မာအသင်းသည် ယနေ့ပွဲစဉ်တွင် မိုင်းအိုက်နိုင်၊ ကောင်းစည်သူ၊ ပြည့်ဖြိုးဦး၊ ကျော်ဇေယျာဝင်း၊ ကြည်လင်း စသည့် အမာခံကစားသမားများနှင့် ပွဲထွက်လာခဲ့ပြီး ကျော်ကိုကို၊ ဇော်မင်းထွန်း၊ ရန်အောင်ဝင်း စသည့် ကစားသမားများကို ဒဏ်ရာကြောင့် အရန်လူစာရင်းတွင် ထားရှိခဲ့သည်။

မြန်မာအသင်းသည် တတိယပွဲစဉ်အပြီးကတည်းက ဆီမီးတက်ခွင့်ရပြီးဖြစ်သော်လည်း စင်ကာပူအသင်းကို ယခင်ပွဲများကဲ့သို့ပင် အနိုင်ရရှိရေးအတွက် အားစိုက်ခဲ့ပြီး ပြိုင်ဘက်နောက်တန်းနှင့် ဂိုးသမားတို့ ပွဲပြီးသည်အထိ ကြံ့ကြံ့ခံကာကွယ်ဖျက်ထုတ်နိုင်ခဲ့သဖြင့် ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ ယခုပွဲ သရေကျခဲ့သော်လည်း မြန်မာအသင်းသည် လေးပွဲကစား သုံးပွဲနိုင် တစ်ပွဲသရေ ရမှတ်(၁၀)မှတ်ဖြင့် ရှုံးပွဲမရှိ အုပ်စုဗိုလ်ဖြစ်ခဲ့ပြီး ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။ တစ်ချိန်တည်း ယှဉ်ပြိုင်ကစားခဲ့သည့် အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်ပွဲတွင် အင်ဒိုနီးရှားက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး အုပ်စုဒုတိယနေရာ ရရှိသွားခဲ့သည်။

တစ်ဖက်အုပ်စု(ခ)တွင် ဗီယက်နမ်လူငယ်က ရမှတ် (၁၀)မှတ်ဖြင့် အုပ်စုဗိုလ်ဖြစ်သွားခဲ့ပြီး အိမ်ရှင်ဘရူနိုင်းနှင့် တီမောတို့ပွဲတွင် သရေကျရုံဖြင့် ဘရူနိုင်းအသင်းမှာ ဆီမီးဖိုင်နယ် တက်ခွင့်ရနိုင်မည်ဖြစ်သည်။ မြန်မာအသင်းမှာ အုပ်စု(ခ)ဒုတိယရနိုင်ဖွယ်ရှိနေသည့် အိမ်ရှင်ဘရူနိုင်း(သို့မဟုတ်) အနိုင်ရလျှင် ဆီမီးတက်ခွင့်ရမည့် တီမောအသင်းနှင့် ဆုံတွေ့ရမည်ဖြစ်သည်။ မြန်မာအသင်းသည် ဘရူနိုင်း၊ အရှေ့တီမောအသင်းတို့နှင့် ဆုံတွေ့ခဲ့ဖူးသည့် သမိုင်းတစ်လျှောက် အနိုင်ရလဒ်များသာ ထွက်ပေါ်ခဲ့သည့် မှတ်တမ်းကောင်းများ ရှိထားသည်။ မြန်မာအသင်းသည် လာမည့် မတ်လ ၇ ရက်တွင် ပထမအကြိုဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်း၏ အုပ်စုတွင်းရလဒ်များ

၂၄-၂-၂၀၁၂
မြန်မာ ၈-၂ ဖိလစ်ပိုင်

၂၈-၂-၂၀၁၂
မြန်မာ ၃-၁ အင်ဒိုနီးရှား

၂-၃-၂၀၁၂
မြန်မာ ၂-၀ လာအို

၄-၃-၂၀၁၂
မြန်မာ ၀-၀ စင်ကာပူ

ဇော်မင်းအောင် (၁၀၇)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် မျက်စိစမ်းသပ်ခြင်းနှင့် မျက်မှန်များ အခမဲ့လှူဒါန်းခြင်း အခမ်းအနား တက်ရောက်

ရန်ကုန် မတ် ၄

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် မတ် ၃ ရက် နံနက်ပိုင်းတွင် သာယာဝတီခရိုင် ဇီးကုန်းမြို့ ဘိုးဘွားရိပ်သာခန်းမ၌ ကျင်းပသည့် OPTICALVISION Co., Ltd. ၏မျက်စိအခမဲ့စမ်းသပ်ခြင်းနှင့် မျက်မှန်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်၍ မျက်စိဝေဒနာရှင်များအား မျက်မှန်များ တပ်ဆင်ပေးသည်။ ယင်းအခမ်းအနားတွင် မျက်မှန် ၉၄၂ လက် လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဇီးကုန်းမြို့ မြသိန်းရုံစေတီ မြို့လယ်ဓမ္မာရုံ၌ ဇီးကုန်းမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိ ရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံ့ဂုဏ်ဆောင် ကာယဗလမောင် အားကစားသမားများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မတ် ၄

(၁၁)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလ တံခွန်စိုက်ပြိုင်ပွဲတွင် ပါဝင်ကူညီကြသူများနှင့် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသော ကာယဗလမောင် အားကစားသမားများအား မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်က ဂုဏ်ပြုသည့် အခမ်းအနားကို ယမန်နေ့ည ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဟိုတယ်ရန်ကုန်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှမြင့်ဆွေက ဂုဏ်ပြုအမှာစကား ပြောကြားပြီး (၁၁) ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလတံခွန်စိုက်ပြိုင်ပွဲတွင် ၅၅ ကီလိုတန်းပြိုင်ပွဲ၌ ပထမတံခွန်စိုက်ဆုရ ဇော်ဝမ်း၊ ၆၀ ကီလိုတန်းပြိုင်ပွဲ၌ ပထမတံခွန်စိုက်ဆုရ ထွန်းမင်း၊ ၉၀ ကီလိုတန်းပြိုင်ပွဲ၌ ပထမတံခွန်စိုက်ဆုရ အောင်ဆွေနိုင်၊ ၅၅ ကီလိုတန်းပြိုင်ပွဲ၌ ဒုတိယဆုရ သန်းဝင်း၊ ၆၅ ကီလိုတန်းပြိုင်ပွဲ၌ ဒုတိယဆုရ စိုးမိုးအောင်၊ ၇၀ ကီလိုတန်းပြိုင်ပွဲ၌ တတိယဆုရ ခင်မောင်ကျော်နှင့် ၉၀ ကီလိုတန်းပြိုင်ပွဲ၌ တတိယဆုရ ခိုင်လင်းတို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် (၁၁)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလတံခွန်စိုက်ပြိုင်ပွဲတွင် ပါဝင်ကူညီကြသူများနှင့် နိုင်ငံ့ဂုဏ်ဆောင် ကာယဗလမောင် အားကစားသမားများအား မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှ အဖွဲ့ချုပ်က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစုများ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဆီမီး ၁၅၀၀ ထွန်းညှိပူဇော်စဉ်။

အတ္တ၊ ပရအကျိုးမျှတစေချင်

လှိုင်သာယာကနေ ဘိုကလေးဈေးမှတ်တိုင်အထိ အထူးယာဉ်လိုင်းကြီးကို နေ့စဉ်စီးဖြစ်ပါတယ်။

အဲဒီယာဉ်လိုင်းအထူးကို ၂၀၀၅-၂၀၀၆ ခုနှစ်လောက်က စတင်ပြေးဆွဲတယ်ထင်ပါတယ်။ စတင်ပြေးဆွဲစဉ်က ယာဉ်စီးခ ငွေကျပ် ၂၀၀ ပုံသေပေးရပါတယ်။ လက်မှတ်ကလေးလည်း ပြန်ပေးပြီး ကံစမ်းမဲတောင်ပါသေးတယ်ဗျ။ ဒီလိုနဲ့ ၂၀၀၇ ခုနှစ် စက်သုံးဆီဈေးနှုန်းတွေတက်လာတော့ ကျွန်တော်တို့ ယာဉ်လိုင်းကြီးလည်း ငွေကျပ်၂၀၀ ကနေ ငွေကျပ် ၃၀၀ အထိ တိုးသွားတယ်။ ဒါပေမယ့် ခရီးသွားအားလုံး စိတ်ချမ်းမြေ့စွာနဲ့ ခရီးသွားနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ထိုင်ခုံပြည့်သာ ခရီးသည်တင်တယ်။ မတ်တတ်ရပ်စီးခရီးသည် မတင်လို့ပါ။ ဒါတင်မကသေး၊ လမ်းခရီးမှတ်တိုင်တွေမှာ ကြီးကြပ်ရေးမှူးဆိုသူတွေ တစ်ယောက်ပြီး တစ်ယောက်တက်ကာ လက်မှတ်တွေကို စစ်တယ်။ လက်မှတ်ပေး မပေး စစ်ဆေးတယ်။ တကယ်ကို နိုင်ငံခြားမှာကြုံခဲ့ရတဲ့ ဘတ်စ်ကားစီးရသလိုမျိုးဆိုတော့ ယာဉ်လိုင်းကိုရော၊ ယာဉ်လိုင်းကို စိတ်ကူးကောင်းကောင်းနဲ့ တည်ထောင်ပြေးဆွဲတဲ့ လုပ်ငန်းရှင်ကြီးများကိုပါ အားလုံးကို ကျေးဇူးတင်မိပါတယ်။ ယာဉ်မောင်းသူ (ဒရိုင်ဘာ)ရဲ့ ခုံဘေးထိုင်ခုံနှစ်ခုံဆိုရင် “သံဃာတော်များအတွက် အခမဲ့စီးတော်မူပါဘုရား”ဆိုတဲ့ စာတန်းလေးနဲ့ ဗုဒ္ဓဘာသာနိုင်ငံမှာ ဒီလိုလေးတွေ့ရတော့ ကားစီးရင်းသာဓုခေါ်မိတယ်ဗျာ။ ဒီရှေ့ဆုံးက ထိုင်ခုံလေး နှစ်ခုံဟာ တခြားခရီးသည်တွေ စီးခွင့်မရှိတဲ့၊ စီးခွင့်မရတဲ့ ထိုင်ခုံလေးနှစ်ခုံပါ။ ဒီထိုင်ခုံမှာ ခရီးသည်တစ်ဦးဦး ထိုင်မိရင် ဒဏ်ငွေရိုက်ခံရတယ်လို့ ယာဉ်မောင်းသူကလည်း ပြောပြပါတယ်။ စိတ်ချမ်းသာစရာကောင်းတဲ့ အထူးယာဉ်လိုင်းကြီးပါ။ မတ်တတ်ရပ်မတင်၊ လမ်းမှတ်တိုင်တွေမှာ အကြာကြီးရပ်စောင့်ပြီး မတင်တဲ့ယာဉ်လိုင်းပါ။ ကြီးကြပ်ရေးမှူးတွေကို စပယ်ယာက အနားကပ်ပြီး ဘောင်းဘီအိတ်ထဲ၊ အင်္ကျီအိတ်ထဲ ပိုက်ဆံထည့်ပေးရင်တောင် စပယ်ယာကို ပြန်ပေးတဲ့ မြင်ကွင်းတွေတောင် ကားစီးရင်းတွေ့ခဲ့ရပါတယ်။

ယခုတော့ တစ်မျိုးဖြစ်သွားပါပြီ။ သာကေတ-လှိုင်သာယာ (ဒဂုံ-ဧရာ)အဝေးပြေး ဂိတ်စ/ဂိတ်ဆုံးတစ်ကြောင်းကို ငွေကျပ် ၇၂၀၀၀ ပေးရတယ်လို့ ကြားရပါတယ်။ အဲဒီကစပြီး အဲဒီယာဉ်လိုင်းရဲ့ စည်းကမ်းတွေ စပျက်ခဲ့ရတာပါပဲ။ လက်မှတ်ပေးတဲ့စနစ်လည်း ပျောက်သွားပါပြီ။ ထိုင်ခုံပြည့်သာ ခရီးသည်တင်သည်ဆိုတဲ့ စည်းကမ်းလည်း ပျောက်သွားပါပြီ။ ရုံးတက် ရုံးဆင်းချိန်ဆိုရင် ထိုင်ခုံပြည့်သာမက အလယ်ကျောချင်းကပ် နှစ်တန်း၊ သုံးတန်းအထိ တင်တော့တာပါပဲ။ ခရီးသည်တွေ မျက်နှာလည်းမထောက်၊ ငါးပိသိပ်၊ ငါးချဉ်သိပ် အပြည့်တင်တော့တာပါပဲ။ သူတို့ငွေကျပ် ၇၂၀၀၀ ရဖို့ အဓိက၊ မစိုက်ရဖို့ အဓိကဆိုတော့ ကြီးကြပ်ရေးမှူးတွေလည်း အရင်တုန်းကလို စပယ်ယာတွေကို မပြောနိုင်တော့ဘူးဗျ။ မသိချင်ယောင် ဆောင်နေတော့တာ။ ယခင်ယာဉ်လိုင်း စပြေးဆွဲတုန်းက ကျွန်တော်တွေ့ရတဲ့ မြင်ကွင်းလေးတောင် ပြောင်းပြန်ဖြစ်သွားပါပြီ။ ကြီးကြပ်ရေးမှူးနဲ့ စပယ်ယာယဉ်ကျေးမှုလေး အခုတော့ အရမ်းအဆင်ပြေသွားပါပြီ။ ခရီးသွားပြည်သူတွေကတော့ ဒုံရင်း ဒုံရင်းပါပဲ။ အထူးယာဉ်လိုင်း ငွေကျပ် ၃၀၀ ပေးရတာပဲရှိတယ်။ သာမန်လိုင်းကားတွေစီးရသလိုပါပဲ။ လူတွေက ကားပေါ်မှာ ခြေချစရာမရှိ လှုပ်လို့တောင် မရတော့တဲ့အချိန်မှာ ရှေ့ဆုံးက သံဃာတော်များအတွက် ထိုင်ခုံနှစ်ခုံကိုတော့ အရင်အတိုင်း ဆရာတော်တွေ မကြွရင် အလွတ်ထားတုန်းပဲဗျ။ မတ်တတ်ရပ်သာတင်သည့် စည်းကမ်းကိုကျတော့ ချိုးဖောက်ပြီး သတ်မှတ်ငွေပြည့်ရေးကို ဦးစားပေး ကျပ်သိပ်နေအောင်တင်တယ်။ သူတို့ဒဏ်ငွေဆောင်ရမယ့် သံဃာတော်ထိုင်ခုံ နှစ်ခုံ ခရီးသည် ထိုင်မိမှာကိုတော့ ခုချိန်ထိ လိုက်နာကြတဲ့ ယာဉ်မောင်းနဲ့ စပယ်ယာတွေပါခင်ဗျာ. . .။

ကိုဇော်

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစု တတိယအသုတ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ် ဘုရားဖူးခရီးစဉ်ပို့ဆောင် ဝန်ထမ်းများ ဆီမီး ၁၅၀၀ ပူဇော်ပြီး အလှူငွေများလှူဒါန်း

နေပြည်တော် မတ် ၄

ဝန်ထမ်းများနှင့်မိသားစုများ စိတ်ချမ်းမြေ့ပျော်ရွှင်စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်ကာ လုပ်ငန်းခွင်စွမ်းရည် ပိုမိုဖွံ့ဖြိုးစေရန် ရည်ရွယ်လျက် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဝန်ထမ်းမိသားစု၏ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ဘုရားဖူးခရီးစဉ် တတိယအသုတ်အား မတ် ၁ ရက်က ပို့ဆောင်ပေးခဲ့သည်။

မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူးချုပ် ဦးလှိုင်ဝင်း ဦးဆောင်သော ဝန်ထမ်းမိသားစု ၁၆၆ ဦးတို့သည် မတ် ၁ ရက်ညပိုင်းတွင် နေပြည်တော်ရှိ သတင်းစာတိုက်များစုရပ်မှ စတင်ထွက်ခွာပြီး မတ် ၂ ရက် နံနက်ပိုင်းတွင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြကာ စေတီတော်ဘက်စုံမွမ်းမံပြုပြင် တည်ဆောက်ရန်အတွက် စုပေါင်းအလှူငွေကျပ်နှစ်သိန်းငါးသောင်းကို စေတီတော်ဂေါပက အလှည့်ကျဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်သန်းနှင့် ဦးငွေဝင်းတို့ထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် ညပိုင်းတွင် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့၏ ကူညီစီစဉ်ပေးမှုဖြင့် ဝန်ထမ်းမိသားစုများက ဆီမီး ၁၅၀၀ ထွန်းညှိကာ စေတီတော်အား ဆီမီးပူဇော်ခဲ့ကြသည်။ ဘုရားဖူးမိသားစုများသည် မတ် ၃ ရက်နံနက်ပိုင်းတွင် စေတီတော်မှ ပြန်လည်ထွက်ခွာကာ ကျိုက်ထိုမြို့ ကျိုက်ပေါလောမွဲ့ရှင်စေတီတော်အား ဝင်ရောက်ဖူးမြော်ခဲ့ကြသည်။

အလားတူ မတ် ၉ ရက်တွင်လည်း စတုတ္ထအသုတ်ခရီးစဉ်အား ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မီးဘေးကာကွယ်ရေး မီးငြိမ်းသတ်မှု သရုပ်ပြ

ပျဉ်းမနား မတ် ၄

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ (ခ)အဆင့် ပျဉ်းမနားမြို့နှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ နေပြည်တော်ခရိုင် မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အကြိုအခြေခံ မီးသတ်သင်တန်းအမှတ်စဉ် (၃)အား ဖေဖော်ဝါရီ ၂၀ ရက်မှ စတင်ဖွင့်လှစ်လျက်ရှိရာ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီက နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မြင့်အောင်သန်းနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးရာ ဌာနခွဲမန်နေဂျာက သင်တန်းဖွင့်လှစ်ပို့ချနေမှုနှင့် မီးဘေးကြိုတင်ကာကွယ်ရေး စီစဉ်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် သင်တန်းသားများနှင့် သန္ဓေတပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ် ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် လောင်စာဆီ မီးလောင်မှုအတွက် မီးသတ်ယာဉ်မှ တိုက်ရိုက် အမြှုပ်ထွက်ဆေး (FOAM) ဖြင့် မီးငြိမ်းသတ်မှုအား သရုပ်ပြသသည်။ အဆိုပါ သင်တန်းသို့ ဌာနဝန်ထမ်း ၃၂ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလ နှစ်ပတ်ကြာ လက်တွေ့ လေ့ကျင့်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(၅၈၆)



တောင်ဥက္ကလာပမြို့နယ် အမက(၂၆)၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်က ကျင်းပရာ သင်ကြားရေးနှင့် ကျောင်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သော ဆရာမ ဒေါ်မိုးမိုးမြင့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းငွေး ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

ပြည်သူ့ထံမှ ပေးစာများ

ရပ်ကွက်အတွင်း မကောင်းမှုဒုစရိုက်များ ရှင်းလင်းပေးစေလို

စာတည်းခင်ဗျား-

မော်လမြိုင်မြို့ တက္ကသိုလ်ကျောင်းပတ်ဝန်းကျင်အနီးရှိ မြိုင်သာယာရပ်ကွက် နယ်မြေ(၁၁)၊ (၁၂) ဖြစ်သည့် (၁၃)လမ်းထိပ်နှင့် (၁၆)လမ်းရှိ နေအိမ်အတွင်း၌ မကောင်းမှုဒုစရိုက်များ အတင့်ရဲစွာ ဆောင်ရွက်မှုများကြောင့် ရပ်ကွက်နေပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် အမြန်ဆုံးထိရောက်စွာ အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူ၊ ရပ်ကွက်သားများ။

ကျန်းမာရေးထိခိုက်ပြီး မီးဘေးအန္တရာယ်စိုးရိမ်ရ

စာတည်းခင်ဗျား-

ပဲခူးမြို့ ဇိုင်းဂနိုင်းမြောက်ပိုင်းရပ်ကွက် (၄)လမ်းအတွင်းရှိ နောက်ဖေးလမ်းကြားနှင့် လူသွားလမ်းမပေါ်သို့ ကျူးကျော်နေသော ထမင်းကြော်ဆိုင်မှ ငရုတ်သီးညှော်နံ့၊ ကြက်သွန်ဆီသတ်နံ့နှင့် အခြားဟင်းချက်ညှော်နံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများမှာ ကျန်းမာရေးထိခိုက်နေပြီး စည်းကမ်းမဲ့ မီးသုံးစွဲမှုကြောင့် မီးဘေးအန္တရာယ်စိုးရိမ်နေရသည့်အပြင် လမ်းသွားလမ်းလာခရီးသွားပြည်သူများမှာလည်း ယာဉ်အန္တရာယ်နှင့် ကြုံတွေ့နိုင်ပါသဖြင့် ထမင်းကြော်ဆိုင်အား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ဇိုင်းဂနိုင်းသား။

စက်သုံးဆီဆိုင် သတ်မှတ်နေရာ ရွှေ့ပြောင်းစေလို

စာတည်းရှင့်-

မိတ္ထီလာမြို့ ရပ်ကွက်များထဲတွင် စက်သုံးဆီရောင်းချခြင်းမပြုရန် တားမြစ်ပိတ်ပင်ထားပြီး စက်သုံးဆီရောင်းချလိုပါက မြို့ပြင်ထွက်ရောင်းရန် သတ်မှတ်ထားသော်လည်း အောင်ဆန်းရပ်ကွက် နယ်မြေ(၁) ပို့/ဆက်ရုံးနှင့် စားသောက်ဆိုင်ကြားတွင် အခြားမြို့မှ စက်သုံးဆီအရောင်းဆိုင်ဖွင့်ရန် ဆောင်ရွက်နေပါသဖြင့် အခြားဆိုင်များနည်းတူ မြို့ပြင်သို့ အမြန်ဆုံးပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

မိတ္ထီလာသူ။

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၂)ရပ်ကွက် (၅၆) လမ်း (အလယ်လမ်း)ရှိ နေအိမ်တစ်အိမ်တွင် သံပန်း၊ သံတံခါးလုပ်ငန်းကို ပတ်ဝန်းကျင်မသိအောင် အိမ်အတွင်းတံခါးပိတ်၍ သံဂဟေဆော်ခြင်း၊ ဂတ်(စ်)ဂဟေ ဖြတ်တောက်ခြင်းနှင့် လျှပ်စစ်မီးပြတ်သွားပါက အရေးပေါ်အသုံးပြုနိုင်ရန် လမ်း မီးဓာတ်တိုင်မှ လျှပ်စစ်မီးသွယ်တန်း အသုံးပြုနေခြင်းတို့ကြောင့် မလိုလားအပ်သော မီးဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူများ။

ပုလဲသွယ်စပ်မျိုးစပါးကို အရည်အသွေး ရာနှုန်းပြည့်စိတ်ချရအောင် ဆောင်ရွက်သွားရန်လို

လာမည့် မိုးစပါးစိုက်ဧက ၅၀၀၀၀ ကျော် စိုက်ပျိုးနိုင်ရန် ဖြန့်ဖြူးပေးနိုင်မည်ဖြစ်

နေပြည်တော် မတ် ၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ စိုက်ပျိုးရေးပညာရှင်များ လိုက်ပါလျက် မတ် ၃ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် စံပြစက်မှုလယ်ယာစနစ် ဧက ၁၀၀၀၀ စိုက်ပျိုးရေးအထူးဇုန်ရှိ Green Asia ကုမ္ပဏီ ဧက ၅၀၀ စိုက်ကွင်းသို့ ရောက်ရှိကြရာ Green Asia ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးမောင်ကျေးက ကုမ္ပဏီ၏ ဧက ၅၀၀ စိုက်ကွင်းအတွင်း ပုလဲသွယ်စပ်မျိုးစပါး F-1 မျိုးစေ့ထုတ်လုပ်ခြင်းအား ဧက ၁၀၀ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ကျန်လယ်မြေ ဧက ၄၀၀ ၌ ပုလဲသွယ်စပ်မျိုးစပါး F-1 စိုက်ပျိုးပြီးစီးအောင်မြင်ဖြစ်ထွန်းနေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တရုတ်သံအမတ်ကြီးနှင့် ယူနန်ပြည်နယ်မှ စိုက်ပျိုးရေးပညာရှင်များက မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် F-1 မျိုးစေ့ထုတ် လုပ်ငန်းအပါအဝင် စိုက်ပျိုးထွက်ရှိလာသော စပါးများအား ခေတ်မီဆန်စက်ကြီးများ တည်ဆောက်ပြီး အရည်အသွေးကောင်းဆန်များ ကြိတ်ခွဲထုတ်လုပ်၍ နိုင်ငံတကာဈေးကွက် တင်ပို့နိုင်ရေး၊ မြန်မာ့ဆန်စပါး ဖွံ့ဖြိုးတိုးတက်စေရေး၊ တောင်သူလယ်သမားများ၏ လူနေမှုဘဝနှင့် ဝင်ငွေတိုးတက်စေရေးအတွက် ပြည့်စုံခိုင်မာစွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာ (Comprehensive Co-operation) လုပ်ငန်းစဉ်များကို ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် Green Asia ကုမ္ပဏီ၏ တစ်နာရီတင်း ၅၀ သန့်စင်နိုင်သော မျိုးစေ့သန့်စင်စက်၊ ၄ နာရီ တစ်ဆိုင်းလျှင် တင်း ၂၀၀ အခြောက်ခံနိုင်သော အခြောက်ခံစက်(Dryer)၊ စပါးတင်း ၃၅၀၀ သိုလှောင်နိုင်သော သိုလှောင်ရုံ(Silo)နှင့် စပ်မျိုးစပါးမျိုးစေ့ထုတ် စိုက်ကွင်းတွင်းရှိ ရက်သား ၆၀ ရှိ အဖိုလိုင်းနှင့် အမလိုင်းစိုက်ခင်းများ တစ်ဆက်တစ်စပ်တည်း ဧက ၁၀၀ ဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် Sun Moon Star ကုမ္ပဏီ ဧက ၅၀၀ စိုက်ကွင်းသို့ ရောက်ရှိကြရာ မြန်မာစိုက်ပျိုးရေးပညာရှင် ဒေါက်တာရဲတင့်ထွန်းက လယ်မြေဧက ၃၀၀ စိုက်ကွင်းအတွင်း တရုတ်စိုက်ပျိုးရေးပညာရှင်များနှင့် ပူးပေါင်း၍ ပုလဲသွယ်စပ်မျိုးစပါး F-1မျိုးထုတ်လုပ်ငန်း ဆောင်ရွက် အကောင်အထည်ဖော်ပြီးစီးမှုများနှင့် ကျန်ဧက ၂၀၀ အား F-1 ပုလဲသွယ်စပ်မျိုးစပါးများ စိုက်ပျိုးပြီးစီးပြီး **စာမျက်နှာ ၉ ကော်လံ ၃ သို့ ☆**



စနေဂြိုဟ် ဂြိုဟ်ရံလဝန်းကျင်၌ အောက်ဆီဂျင်မော်လီကျူးများ ထောက်လှမ်းတွေ့ရှိ

ဝါရှင်တန် မတ် ၄

အမေရိကန်အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)အဖွဲ့က လွှတ်တင်ထားသော ကက်ဆီနီအာကာသယာဉ်သည် စနေဂြိုဟ်၏ ဂြိုဟ်ရံလ ဒိုင်အိုနီဝန်းကျင်၌ အောက်ဆီဂျင်မော်လီကျူး အိုင်ယွန်များအား ထောက်လှမ်းတွေ့ရှိခဲ့ရကြောင်း မတ် ၄ ရက်သတင်းများတွင် ဖော်ပြထားသည်။

ယင်းလေ့လာတွေ့ရှိချက်အား ထောက်ရှုခြင်းအားဖြင့် ဒိုင်အိုနီဂြိုဟ်ရံလ၌ လွန်စွာပါးလျသော လေထုလွှာတည်ရှိကြောင်း သိပ္ပံပညာရှင်များက မှတ်ယူကြသည်။

စနေဂြိုဟ်၏ ဂြိုဟ်ရံလ ဒိုင်အိုနီ၏ လေထုလွှာအတွင်း အောက်ဆီဂျင်အိုင်ယွန် ပါဝင်မှုနှုန်းသည် လေဟာနယ်အကျယ်အဝန်း ၁၁ ကုဗစင်တီမီတာလျှင် အိုင်ယွန်တစ်ခုသာတည်ရှိကြောင်း လေ့လာတွေ့ရှိခဲ့ရာ ဒိုင်အိုနီလ၏ လေထုလွှာမှာ အလွန်ပါးလျကြောင်း သိပ္ပံပညာရှင်များက ယူဆထားကြသည်။

သိပ္ပံပညာရှင်များ၏ယူဆချက်အရ ဒိုင်အိုနီလ၏ လေထုလွှာသည် ကမ္ဘာ့မြေမျက်နှာပြင်အထက် မိုင် ၃၀၀ အကွာ၌ရှိသော လေထုလွှာလောက်ပင် ထူထဲမှုရှိကြောင်းသိရသည်။

ဒိုင်အိုနီဂြိုဟ်ရံလ လေထုလွှာအတွင်းပါရှိသော အောက်ဆီဂျင်အိုင်ယွန်များသည် ဆိုလာဖိုတွန်ခေါ် နေစကြဝဠာအမှုန်များ သို့မဟုတ် ယင်းဂြိုဟ်ရံလ၏ ရေခဲလွှာမျက်နှာပြင်မှ လွင့်ပျံ့လာသော စွမ်းအင်အမှုန်များမှ **စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်ကြီး သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ရေးအတွက် ဌာနဆိုင်ရာများ ပူးပေါင်း၍ စက်အားလူအားဖြင့် ဆောင်ရွက်လျက်ရှိရာ နမ့်ကတ်ချောင်း ရေလမ်းကြောင်း ကောင်းမွန်ရေးအတွက် သောင်တူးသင်္ဘောဖြင့် သဲနုန်းများ တူးဖော်နေစဉ်။

ကိုတင်လှိုင်(မိတ္ထီလာ) ၏

'အင်းလေးကန် သာယာလှပရေး တူးဖော်ပြုပြင်ပေး'

သတင်းဆောင်းပါး (စာမျက်နှာ - ၅)

အက်စလေ၏ ဟက်ထရစ်ဖြင့် မနောမြေ FC နိုင်ပြီး စတုတ္ထနေရာရောက်

ရန်ကုန် မတ် ၄

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ် (၈)တတိယနေ့ပွဲစဉ်ကို ယနေ့ ညနေ ၄ နာရီတွင် အောင်ဆန်းကွင်း၌ ကျင်းပရာ မနောမြေအသင်းက ချင်းယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မနောမြေအသင်း - သုံးဂိုး (အက်စလေ)

ချင်းယူနိုက်တက် - တစ်ဂိုး (လာကျဲအိုလွယ်-ပယ်နယ်တီ)

ယခုနှစ်တွင် ခြေစွမ်းပြနေသည့် မနောမြေအသင်းမှာ ယခုပွဲတွင်လည်း ခြေစွမ်းပြနိုင်ပွဲယူပြီး အမှတ်ပေးဇယား စတုတ္ထနေရာအထိ တက်လှမ်းလာနိုင်သည်။ ယမန်နေ့က ကစားခဲ့သောပွဲတွင် လက်ရှိချန်ပီယံရန်ကုန်အသင်း သရေကျသွားသောကြောင့် မနောမြေအသင်းမှာ ယခုပွဲတွင် အနိုင်ရပါက စတုတ္ထနေရာရရှိမည်ဖြစ်သောကြောင့် လူစုံထုတ်ပြီး ကစားခဲ့သည်။ ကျန်းမာရေးအခြေအနေကြောင့် ဘောလုံးလောကမှ အနားယူနေရသည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် ကမ္ဘောဇအသင်း နည်းပြချုပ်ဟောင်း ဦးဆန်းဝင်း ပထမဆုံးကိုင်တွယ်လာသည့် ချင်းယူနိုက်တက်အသင်းမှာ မနောမြေကိုအပြန်အလှန်ကစားနိုင်ခဲ့သော်လည်း စောစီးစွာဂိုးများပေးလိုက်ရသောကြောင့် ရှုံးသွားရခြင်းဖြစ်သည်။ မနောမြေအတွက် ဂိုးများကို တိုက်စစ်မှူး အက်စလေက (၆၊ ၁၁၊ ၃၁) မိနစ်တို့တွင် သုံးဂိုး (ဟက်ထရစ်)သွင်းယူခဲ့ပြီး ချင်းယူနိုက်တက်အတွက် ချေပဂိုးတစ်ဂိုးကို ၄၃ မိနစ်တွင် လာကျဲအိုလွယ်က ပယ်နယ်တီမှတစ်ဆင့်သွင်းယူပေးခဲ့သည်။

မနောမြေအတွက် ဒုတိယဂိုးကို အက်စလေက ဤသို့ ခေါင်းတိုက် သွင်းယူပေးခဲ့သည်။

သတင်းနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

ယနေ့ပွဲ

(အောင်ဆန်းကွင်း)

မောရဝတီ - ဟံသာဝတီယူနိုက်တက်

ပေကျင်း နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် အော်စကာဆုရဇာတ်ကားများ ပြသမည်

ဒုတိယအကြိမ်မြောက် ပေကျင်း နိုင်ငံတကာရုပ်ရှင်ပွဲတော်ကျင်းပရေးကော်မတီက ယခုနှစ် အော်စကာဆုရဇာတ်ကားများထဲမှ ဇာတ်ကားသုံးကားကို ပေကျင်းရုပ်ရှင်မြင်ကွင်းကျယ်ကဏ္ဍတွင် ပြသသွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားသည်။

ယင်းဇာတ်ကားများမှာ အကောင်းဆုံးဇာတ်ကားဆုရ The Artist ဇာတ်ကား၊ မင်းသားကြီး ဂျော့ဂ်ျကလူနေး၏ The Descendants ဇာတ်ကားနှင့် အကောင်းဆုံးနိုင်ငံခြားဘာသာဇာတ်ကားဆုရ အီရန် ရုပ်ရှင်ကား A Separation တို့ဖြစ်ကြသည်။

ပေကျင်း နိုင်ငံတကာရုပ်ရှင်ပွဲတော်ကျင်းပရေးကော်မတီသည် ယမန်နှစ်ကလည်း အော်စကာဆုရ ဇာတ်ကားများဖြစ်သည့် The King's Speech၊ The Social Network၊ Black Swan ဇာတ်ကားနှင့် Ture Grit ဇာတ်ကားတို့ကို ပြသနိုင်အောင် စီစဉ်ခဲ့သည်။

အဆိုပါကော်မတီမှ တာဝန်ရှိသူတစ်ဦးက မိမိတို့သည် ယခုလောလောဆယ် အော်စကာဆုရ အနုပညာရှင်များနှင့် အော်စကာဆုအမည်စာရင်းတင်သွင်းခံရသူ အနုပညာရှင်များ ဖိတ်ကြားရေးအတွက် အလုပ်များလျက်ရှိကြောင်း၊ ယခုနှစ်ပွဲတော်သို့ အချို့သော အော်စကာဆုရမင်းသား၊ မင်းသမီးများ တက်ရောက်မည့်အခွင့်အလမ်းတစ်ခုရှိကြောင်း ပြောကြားသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

ယနေ့ထုတ် သတင်းစာတွင် ကြော်ငြာအချပ်ပိုလေးမျက်နှာ ပါရှိပါသည်။